မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇွန် ၂၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၆၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မော်လမြိုင်ကျွန်းမြို့နယ် ရာဇူဒိုင်တံတား အမှတ်(၁) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းသည် ရေသယံဇာတ၊ မြေသယံဇာတများ ပေါကြွယ်ဝသောဒေသဖြစ် ယင်းအခြေခံကောင်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးရေးတွင် အသုံးပြုနိုင်ရေး ကြိုးစားလုပ်ကိုင်

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးတွင် တိုင်းရင်းသားများ စုပေါင်းနေထိုင်လျက်ရှိ ဒို့တာဝန်အရေး(၃)ပါးကို နိုင်ငံသားတိုင်း အမျိုးသားရေးမူဝါဒအဖြစ် ခံယူထိန်းသိမ်းစောင့်ရှောက်

နေပြည်တော် ဇွန် ၂၄

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသော အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ပုသိမ်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ နံနက် ၇ နာရီ ၃၅ မိနစ်တွင် မော်လမြိုင်ကျွန်းမြို့နယ် ကျိုက်ပိကျေးရွာအနီးရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၁) ရာဇူဒိုင်တံတားအမှတ်(၁) စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

ခနိချောင်းစံပြကျေးရွာ

မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာကျေးရွာအုပ်စု ခနိချောင်းစံပြကျေးရွာ။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇွန် ၂၅ ရက်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူများ ဦးထမ်းပဲ့ထမ်းပါဝင်ဆောင်ရွက်

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧရာဝတီတိုင်းအတွင်း မုန်တိုင်းသင့်ဒေသများရှိ စာသင်ကျောင်း၊ ဆေးရုံ၊ နေအိမ်တည်ဆောက်မှု၊ Cyclone Shelters တည်ဆောက်မှုလုပ်ငန်းများ၊ လမ်း၊ တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကိုစစ်ဆေးရန် ပုသိမ်မြို့သို့ ဇွန်လ၂၂ရက်နေ့က ရောက်ရှိခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ပုသိမ်မြို့မှတစ်ဆင့် လပွတ္တာမြို့ (၃)မိုင်စခန်းရှိ လပွတ္တာမြို့ ကွက်သစ်စီမံကိန်းသို့ရောက်ရှိပြီး မြို့ကွက်သစ်အတွင်း လမ်းများဖောက်လုပ်ပြီးစီးမှု၊ မြေကွက်ဖော်ထုတ်ပြီးစီးမှု၊ ရဲစခန်းအဆောက်အအုံ ဆောက်လုပ်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

လပွတ္တာမြို့ ကွက်သစ်စီမံကိန်း၌ ခုတင်(၂၀၀)ဆံ့ဆေးရုံဆောက်လုပ်မှု၊ လမ်းများဖောက်လုပ်ပြီးစီးမှု၊ ရေဂါလန် သန်း ၁၈၀ဆံ့ ရေကန် တည်ဆောက်မှုများကိုလည်း စစ်ဆေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် လပွတ္တာမြို့နယ်အတွင်း အသစ်တည်ဆောက်ပြီးစီးသော အခြေခံပညာကျောင်း ၆၀ လွှဲပြောင်းအပ်နှံပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့စဉ်က ပျက်စီးသွားသည့် အဆောက်အအုံများ ပြန်လည်တည်ဆောက်ပြီးစီးမှု အခြေအနေ၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ပေးမှုအခြေအနေ၊ သဘာဝဘေးဒဏ်ကာကွယ်မှုအတွက် လမ်းကွန်ရက်များဖောက်လုပ်ပြီးစီးမှု အခြေအနေနှင့် Cyclone Shelters များ တည်ဆောက်မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

လပွတ္တာမြို့နယ်အတွင်း Cyclone Shelters များ တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ သက်ကယ်ကုန်းမြင့်များ တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ယင်းနေ့၌ပင် ပုသိမ်မြို့ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း မှန်စက်ရုံသို့ရောက်ရှိခဲ့ပြီး လုပ်ငန်းသုံးကုန်ကြမ်း ပစ္စည်းများဖြစ်သည့် သဲ၊ ဒိုလိုမိုက်၊ ကြွေကျောက်၊ ထုံးကျောက်၊ ဆိုဒါအက်ရှ်ဒါနှင့် ဆော့ကိတ်နမူနာများကိုစစ်ဆေးခဲ့ပြီး စက်ရုံအတွင်းရှိ မှန်ဖြတ်ဌာန၊ မှန်ဆွဲဌာနနှင့်မီးဖိုဌာန လုပ်ငန်းဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

သို့ဖြစ်ပေရာ ဧရာဝတီတိုင်း လပွတ္တာမြို့နယ်သည် နာဂစ်မုန်တိုင်းသင့်ခံရပြီးနောက် ပြန်လည် တည်ဆောက်ရေးများကို အရှိန်အဟုန်မြှင့်တည်ဆောက်ခဲ့ရာမှာ ယခုအခါ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများ တိုးတက်ကောင်းမွန်လျက်ရှိနေပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူများက နိုင်ငံတော်နှင့်အတူ ဦးထမ်းပဲ့ထမ်း ပါဝင်ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၉ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲ ဆုများချီးမြှင့်

ရန်ကုန် ဇွန် ၂၄

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့မှ ကြီးမှူးကျင်းပသည့် ၂၀၀၉ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ၂၅ မိနစ် အမြန်ရွှေ့စစ်တုရင်ပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို ဇွန် ၂၂ရက် ညနေ၃နာရီက မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ပြိုင်ပွဲခန်းမ၌ ကျင်းပပြီး ဆုရရှိသူများအား မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် နာယက၊ အတွင်းရေးမှူးနှင့် အမှုဆောင်များက ဆုများ ချီးမြှင့်ခဲ့သည်။ အသက်(၂၀)အောက်လူငယ်ပြိုင်ပွဲတွင် ပထမ မောင်သုတဦး အထက(၁) ဒဂုံ၊ ဒုတိယ မလင်းထက်ထက်ဦး အထက(၁)ကြည့်မြင်တိုင်၊ တတိယ မောင်ဖေခွန်ဇော် G.T.C (သန်လျင်)၊ အလွတ်တန်းပြိုင်ပွဲတွင် ပထမ မင်းထူး၊ ဒုတိယ အောင်နိုင်၊ တတိယ ကျော်လင်းနိုင်တို့က ဆုများဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

(စစ်တုရင်အဖွဲ့ချုပ်)

မြဝတီရုပ်မြင်သံကြား

၂၅-၆-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	အမျိုးသားရေးတေးကဗျာ
၄:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄:၄၀	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၀၀	၇။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၂၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၂။	လျှပ်တစ်ပြက်
၆:၄၀	၁၃။	ကာတွန်းအစီအစဉ် **ပြိုင်ကားကလေးဇက်ပါ** (အပိုင်း-၁၀)
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဆယ်ကျော်သက်သတို့သမီး** (အပိုင်း-၁၀)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	အနုပညာရှင်၏ တစ်နေ့တာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တရားရှင်နှင့်ကျွန်ကျောင်း** (အပိုင်း-၂၁)

ကွမ်းခြံကုန်းမြို့နယ်၌ ကျောင်းများဖွင့်လှစ်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်

ရန်ကုန် ဇွန် ၂၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက် ၈ နာရီက ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာရှိ လယ်သမားကြီး ဦးကျော်မိုး၏စံပြ မိုးစပါးစိုက်ကွင်းသို့ရောက်ရှိရာ တိုင်းစိုက်ပျိုးရေးမန်နေဂျာက မျိုးကောင်းမျိုးသန့်စိုက်ပျိုးခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် မိုးစပါးထွန်ယက်စိုက်ပျိုးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

တက်ရောက်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ကွမ်းခြံကုန်းမြို့နယ် မြို့သစ်အခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိပြီး အခြေခံပညာကျောင်းများ ဖွင့်လှစ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ တိုင်းမှူးနှင့်တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ယင်းနောက်တိုင်းမှူးသည် ကျောင်းဆောင်သစ်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အမှတ်တရသစ်ပင် စိုက်ပျိုးပေးသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ကျောင်းဆောင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

လွှဲပြောင်းပေးအပ်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ကွမ်းခြံကုန်းမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းခန်းမသို့ ရောက်ရှိကြပြီး အခြေခံပညာကျောင်းများဆိုင်ရာ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ကော့ခနိမ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူလေးများ ပညာသင်ကြားနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုအားပေးကြကာ တိုင်းမှူးကလိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ဘားအံမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းကုသိုလ်ပြုလှူဒါန်းပွဲ

ရန်ကုန် ဇွန် ၂၄

ဘားအံမြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းကုသိုလ်ပြုလှူဒါန်းပွဲကို ဇူလိုင်၄ရက် (စနေနေ့) နံနက် ၉ နာရီတွင် အသင်းတည်ရှိရာ မြရတနာကျောင်းတိုက် ရွှေကြက်ယက်ကျောင်းဝင်း ဗိုလ်ချုပ်ပြတိုက်လမ်း ဗဟန်းမြို့နယ်တွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အခမ်းအနားသို့ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသော ဘားအံမြို့နယ်သူ မြို့နယ်သားများအားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားပြီး အလှူငွေနှင့် လှူဖွယ်ပစ္စည်း ပါဝင်လှူဒါန်းလိုသူများသည် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

ဆင်ပေါင်ဝဲစည်ပင် စုပေါင်းသန့်ရှင်း

ဆင်ပေါင်ဝဲ ဇွန် ၂၄

ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဌာနဆိုင်ရာဝန်ထမ်းများ၊ အင်န်ဂျီအိုအဖွဲ့ဝင်များနှင့် ပြည်သူ့ဆေးရုံဝင်းအတွင်း ဇွန်၂၀ရက်က ပေါင်းမြက်ချုံနွယ်များရှင်းလင်းခြင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဆင့်နှင့် အမှုဆောင်အရာရှိ ဦးအောင်ရွှေတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ စက္ကိန်းတဲလမ်း တစ်ဖက်လျှင် ၇ပေ ဖလက်မစီ တိုးချဲ့ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် ကျောက်ကြီးများ စုဆောင်းထားရှိမှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်သန်းငွေတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း အသစ်တည်ဆောက်ပြီးစီးသွားသော အခြေခံပညာကျောင်း ၄၁ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းတို့ လွှဲပြောင်း အပ်နှံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

✱ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၁)မှ အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က ရာဇူဒိုင်တံတား အမှတ်(၁) တည်ဆောက်ရေးလုပ်ငန်းများဆိုင်ရာ အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက ရာဇူဒိုင်မြစ်၏ ရေကြောင်းအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စံချိန်စံညွှန်းမီ

ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က တံတားကို သတ်မှတ်ကာလထက်စော၍ ပြီးစီးရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ အသုံးပြုသောပစ္စည်းများအရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစွာ အသုံးပြုရေးတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအားမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှင်းလင်းဆောင်မှ တံတားတည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျိုက်ပိဘက်ကမ်းရှိ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး ချဉ်းကပ်တံတား တိုင်အမှတ် (A1) Cap လောင်းရန်ဆောင်ရွက်နေမှု၊ တိုင်အမှတ် (K1) အာရ်စီဒီပိုင် တူးဖော်နေမှုနှင့် တိုင်အမှတ် (P1) Cap လောင်းရန်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၁*

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း အသစ်တည်ဆောက်ပြီးစီးသွားသော အခြေခံပညာကျောင်း ၄၁ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းတို့ လွှဲပြောင်းအပ်နှံပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုအားပေး

သစ်ပင်များ အမှတ်တရစိုက်ပျိုးပေး

ရန်ကုန် ဇွန် ၂၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ၂၀၀၉ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားများသို့ တက်ရောက်၍ လှည့်လည်ကြည့်ရှုအားပေးပြီး သစ်ပင်များကို အမှတ်တရစိုက်ပျိုးပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၈နာရီတွင် ရန်ကုန်တက္ကသိုလ်ရှိ တက္ကသိုလ်များဓမ္မာရုံ ပရိဝုဏ်အတွင်း၌ ကျင်းပသည့် ရန်ကုန်တိုင်း ၂၀၀၉ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်အားပေးချီးမြှင့်ရာ တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပျိုးပင်များပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ **(အပေါ်ယာပုံ)**၊ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က ပျိုးပင်များကို ပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က သစ်ပင်များကို အမှတ်တရစိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ သစ်ပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အမှတ်တရစိုက်ပျိုး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ဗဟန်းမြို့နယ် ကန်တော်ကြီး သဘာဝဥယျာဉ် သစ်တောဇုန်အတွင်းသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက သစ်ပင်များကို အမှတ်တရစိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

နေ့စပါးရိတ်သိမ်းခြွေလှေ့သရုပ်ပြပွဲ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်စိုက်ကွင်း၌ကျင်းပ

နေပြည်တော် ဇွန် ၂၄

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ဇွန် ၁၆ရက် နံနက် ၉နာရီတွင် နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်စိုက်ကွင်း၌ ကျင်းပသည့် နွေစပါးရိတ်သိမ်းခြွေလှေ့သရုပ်ပြပွဲသို့ တက်ရောက်သည်။

ပျိုးပင်များပေးအပ်

တိုင်းမှူးသည် ဇွန် ၁၇ရက်တွင် တာဝန်ရှိသူများလိုက်ပါ၍ နမ်ချိုကြိုးဝိုင်း တောင်သူဦးသန်းထွန်း၏ ရောနှောစိုက်ပျိုးခြင်း သရုပ်ပြကွက်ကို ကြည့်ရှုပြီး တောင်သူများအား လက်ဖက်ပျိုးပင်များ ပေးအပ်ကာ အမှာစကားပြောကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မဲပေါက်ကျေးရွာပြည်သူများနှင့် တွေ့ဆုံသည်။

ထို့နောက် တိုင်းမှူးသည် မဲပေါက်ကျေးရွာတောင်သူများ၏ လက်ဖက်စိုက်ခင်းသို့ ရောက်ရှိကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဖဂန်၌ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ပြည်သူအများသေဆုံး

ဒဏ်ရာရသူများအား ဆေးရုံပို့ဆောင်ရန် လူနာတင်ယာဉ်ခေါ်ယူမရ

ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝမပေးနိုင်



ကဘူးလ် ဇွန် ၂၄

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဂါဇိုင်မြို့တွင် ဇွန် ၂၃ ရက်က ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အရပ်သားနှစ်ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်စဉ်မှာ ဇွန် ၂၃ရက် နံနက် ၈ နာရီခန့်က ဂါဇိုင်မြို့ရှိ အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များ၏ အခြေစိုက်စခန်းသို့ ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်လာသော ကားတစ်စီးဖြင့် အမျိုးသားတစ်ဦးက မောင်းဝင်ကာ ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ပြောကြား

ထိုသို့ ဗုံးခွဲတိုက်ခိုက်မှုများကြောင့် မြို့နေပြည်သူများ ထိတ်လန့်ချောက်ချားလျက်ရှိပြီး အိမ်အပြင်ထွက်ရန်ပင်စိုးရွံ့လျက်ရှိကြောင်း၊ လုံခြုံရေးကင်းမဲ့နေသဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် အခက်အခဲဖြစ်လျက်ရှိကြောင်း ဂါဇိုင်မြို့မှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ အာမက်မွတ်က ပြောကြားသည်။

ပြည့်စုံစွာမရှိ

ကားဗုံးခွဲ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူများအား ဆေးရုံတင်ပို့ရန် လူနာတင်ယာဉ်ခေါ်ယူရေးမှာ အခက်အခဲဖြစ်ရကြောင်း၊ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများလည်း ပြည့်စုံမှု မရှိကြောင်း ၄င်းက ပြောကြားသည်။

ယခုအခါ အာဖဂန်နစ္စတန် အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် ဗုံးခွဲတိုက်ခိုက်မှုများ နေ့စဉ် ဖြစ်ပွားနေပြီး အာဖဂန်ပြည်သူများ သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများ ဖြစ်ပွားလျက်ရှိရာ လုံခြုံမှုကင်းမဲ့နေကြောင်း ဂါဇိုင်မြို့မှ ဒေသခံတစ်ဦးဖြစ်သူ ဇာဘီဟူလာက ပြောကြားသည်။ **(အင်တာနက်)**

ဆေးကုသမှုခံယူ

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်တွင် ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရသူနှစ်ဦး ဆေးရုံရှိ ခုတင်တစ်လုံးတည်းတွင် ဆေးကုသမှုခံယူနေကြရသည်ကို ဇွန် ၂၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မော်တော်ယာဉ်ပျက်စီး

အာဖဂန်နစ္စတန်နိုင်ငံ ခိုစ့်ပြည်နယ်တွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော ကားအား ဇွန် ၂၂ရက်က တွေ့ရစဉ်။ (ခိုစ့်ပြည်နယ်တွင် မော်တော်ဆိုင်ကယ်ဖြင့် အသေခံ ဗုံးခွဲတိုက်ခိုက်ပြီး မိနစ်အနည်းငယ်အကြာ၌ အဝေးမှဒုံးကျည်များဖြင့် ထပ်မံတိုက်ခိုက်ခဲ့ကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

အီရတ်၊ အာဖဂန် သတင်းများ

အာဖဂန်နစ္စတန်၌ တိုက်ခိုက်မှုများကြောင့် ပြည်သူအများအပြား ဒုက္ခမျိုးစုံကြုံတွေ့ရ

ကဘူးလ် ဇွန် ၂၄

အာဖဂန်နစ္စတန်နိုင်ငံအနှံ့အပြား၌ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် အသေခံဗုံးဖောက်ခွဲ တိုက်ခိုက်သည့်လုပ်ရပ်များအပြင် မတော်တဆပေါက်ကွဲမှုများကြောင့် အာဖဂန်ပြည်သူ အများအပြားသေဆုံးခဲ့ရသည်။ အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂါဟာပြည်နယ်၌ ဇွန် ၂၂ ရက် နံနက်ပိုင်းက အင်အားပြင်းထန်သည့် ပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သားနှစ်ဦးသေဆုံးပြီး ၂၀ ဒဏ်ရာရရှိကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

သိမ်းဆည်းရမိ

အာဖဂန်နစ္စတန်နိုင်ငံရှိ ဖိမ်းအယ်အဒါဒေသ၌ လက်နက်ဖျက်သိမ်းရေး အစီအစဉ်အရ တာလီဘန် လက်နက်ကိုင်များထံမှ သိမ်းဆည်းရမိထားသည့် လက်နက်သိုလှောင်ရုံအတွင်း မတော်တဆပေါက်ကွဲရာမှ အဆိုပါဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါဒေသရှိပြည်သူများမှာ ဘေးဒုက္ခများမျိုးစုံနှင့် ကြုံတွေ့ခံစားနေကြရပြီး အာဏာပိုင်အဖွဲ့က ၄င်းဒေသကို ယာယီ ပိတ်ထားကြောင်း ထပ်လောင်းပြောကြားသည်။

စီးနင်းတိုက်ခိုက်

အာဖဂန်နစ္စတန်နိုင်ငံ၌ ၂၀၀၁ ခုနှစ်မှစ၍ တာလီဘန်တို့၏ အုပ်ချုပ်မှုပြိုလဲပြီးနောက် ၄င်းနိုင်ငံလုံခြုံရေးအတွက် အမေရိကန်နှင့် အပေါင်းပါတပ်များ တပ်ဖြန့်ချထားခဲ့သော်လည်း ယခုနှစ်အတွင်း လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက ပြည်ပတပ်ဖွဲ့များကို ပစ်မှတ်ထားကာ ပြင်းပြင်းထန်ထန်တစ်ဟုန်ထိုး စီးနင်းတိုက်ခိုက်လျက်ရှိရာ အာဖဂန်ပြည်သူအများအပြား လူမှုဒုက္ခမျိုးစုံ ကြုံတွေ့ခံစားနေကြရသည်။ **(အင်တာနက်)**

ပူဆွေး သောကရောက်

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အာဖဂန်တပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားတို့အကြား တိုက်ပွဲဖြစ်ပွားစဉ် သေဆုံးသွားသူတစ်ဦး၏ မိသားစုဝင်များမှာ ပူဆွေးသောကရောက်နေကြသည့် မြင်ကွင်းမှာလည်း ...။ (အင်တာနက်ဓာတ်ပုံ)

ဘဂ္ဂဒက်မြို့ စာသင်ကျောင်းသွားရာလမ်း၌ ဗုံးပေါက်ကွဲ ကျောင်းသားများ စာမေးပွဲဖြေဆိုရန် အခက်အခဲကြုံရ

ဘဂ္ဂဒက် ဇွန် ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးအရပ်၌ ဇွန် ၂၃ ရက်က ဗုံးခွဲတိုက်ခိုက်မှုနှင့် အပြန်အလှန်ပစ်ခတ်မှုများကြောင့် အရပ်သားလေးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အီရတ်နိုင်ငံတစ်ဝန်းတွင် ဇွန် ၂၃ ရက် ကလည်း တစ်ရက်တည်း၌ပင် ဗုံးခွဲတိုက်ခိုက်မှုနှင့်ပစ်ခတ်မှုများကြောင့် အရပ်သား ၁၀၀ ကျော်သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများတွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ စစ်ယာဉ်တန်းကို အီရတ်လက်နက်ကိုင်များက ချုံခိုတိုက်ခိုက်သဖြင့် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခြင်းကြောင့်လည်း အရပ်သားများ သေဆုံးခဲ့ကြရသည်။

အခက်အခဲကြုံတွေ့

ဘဂ္ဂဒက်မြို့ဆင်ခြေဖုံး၌ ဗုံးပေါက်ကွဲမှုမှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေရန်သွားမည့် ကျောင်းလမ်းပေါ်၌ဖြစ်ပွားခြင်းဖြစ်ရာ စာမေးပွဲဖြေဆိုမည့်ကျောင်းသားများ အခက်အခဲ ကြုံတွေ့ခဲ့ရသည်။

ထိုသို့ ဘဂ္ဂဒက်မြို့ဆင်ခြေဖုံးရှိစာသင်ကျောင်းလမ်း၌ ဗုံးပေါက်ကွဲမှုကြောင့် စာမေးပွဲဖြေဆိုမည့် ကျောင်းသားများ၏ မိဘများက စိုးရိမ်ထိတ်လန့်မှုဖြစ်ပွားလျက်ရှိရာ အီရတ်ရဲတပ်ဖွဲ့ဝင်များထံ အကူအညီတောင်းခံခဲ့ကြသည်။

ခိုကိုးရာမဲ့

သို့သော်လည်း အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်များကိုလည်း အကြမ်းဖက်သမားများက တိုက်ခိုက်နေသဖြင့် ပြည်သူများခိုကိုးရာမဲ့ဖြစ်နေကြရသည်။ **(အင်တာနက်)**

တည်ငြိမ်မှု ကင်းမဲ့နေသော အီရတ်အခြေအနေ ပြည်သူအများအပြား အသက်ဆုံးရှုံးမှုနှင့်ကြုံတွေ့နေ

ဘဂ္ဂဒက် ဇွန် ၂၄

အီရတ်နိုင်ငံ မြို့ကြီးများရှိ နေရာအနှံ့အပြား၌ အကြမ်းဖက်ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ အဆက်မပြတ် ဖြစ်ပေါ်လျက်ရှိရာ ၄င်းနိုင်ငံရှိ ပြည်သူများ စိုးရိမ်သောကဘေးဒုက္ခများနှင့် ကြုံတွေ့နေရပြီး တစ်ရက်တည်း၌ပင် ပြည်သူ ၄၃ ဦးသေဆုံးပြီး ၁၁၄ ဦး ဒဏ်ရာရရှိခဲ့ရာ ယင်းတို့အနက်မှ အချို့ကို ဖော်ပြလိုက်ရပါသည်-

ဘဂ္ဂဒက်	- ဘဂ္ဂဒက်မြို့မြောက်ပိုင်း ဟူစိန်နီယာဒေသရှိ လူစည်ကားရာ ဈေးတစ်ဈေး၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး ၂၅ဦး ဒဏ်ရာရရှိခဲ့သည်။
	- ဘဂ္ဂဒက်မြို့အနောက်ပိုင်းရှိ အစိုးရရုံးအဆောက်အအုံအပြင်ဘက်၌ အသေခံဗုံးဖောက်ခွဲသဖြင့် အပြစ်မဲ့ပြည်သူ ခုနစ်ဦး သေဆုံးပြီး ၁၃ ဦးဒဏ်ရာရရှိခဲ့သည်။
	- ဘဂ္ဂဒက်မြို့အရှေ့ပိုင်း ဆာဒါစီးတီးအရပ်၌ ကင်းလှည့်ကားအနီးတွင် လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သားသုံးဦး သေဆုံးပြီး ၁၂ ဦးဒဏ်ရာရရှိသည်။
	- ဘဂ္ဂဒက်မြို့အရှေ့ပိုင်း ဟာဘီဘီယာဒေသ၌ မီနီဘတ်စ်ကျောင်းကားတစ်စီး ဖြတ်သန်းမောင်းနှင်စဉ် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ကျောင်းသားသုံးဦး ဒဏ်ရာရရှိသည်။
	- ဘဂ္ဂဒက်မြို့လယ် ကာရာဒါအရပ်တွင် ကားဗုံးပေါက်ကွဲသဖြင့် ငါးဦးသေဆုံးပြီး ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။
	- ဘဂ္ဂဒက်မြို့ အနောက်အလယ်ပိုင်း ယာမောက်ခ်အရပ်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် လမ်းသွားလမ်းလာတစ်ဦး သေဆုံးခဲ့ကြောင်း ရဲသတင်းရပ်ကွက်က ပြောကြားသည်။
မိုဆူးလ်	- မိုဆူးလ်မြို့လယ်ရှိ လုံခြုံရေးတာဝန်ကျရဲတပ်ဖွဲ့အား ပစ်မှတ်ထားကာ သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် အရပ်သားနှစ်ဦး သေဆုံးသည်။
	- မိုဆူးလ်မြို့လယ်တွင် ဦးခေါင်းနှင့်ရင်ဘတ်၌ သေနတ်ဒဏ်ရာများရရှိလျက် သေဆုံးနေသော လူသေအလောင်းတစ်လောင်းကို တွေ့ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။
ကယ်ကွတ်	- ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ၁၅၅ မိုင်အကွာ ကယ်ကွတ်မြို့အနောက်တောင်ပိုင်း စစ်ဆေးရေးစခန်းအား ပစ်ခတ်သွားသည့် သေနတ်သမားများ၏နောက်သို့ အယ်လ်ခိုင်ဒါ ဆန့်ကျင်ရေးတပ်ဖွဲ့များ လိုက်လံတိုက်ခိုက်ရာမှ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိသည်။
ဖလူးဂျာ	- ဘဂ္ဂဒက်မြို့အနောက်ဘက် ၃၂ မိုင်အကွာ ဖလူးဂျာမြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ဆရာဝန်တစ်ဦးနှင့် အခြားသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။
ကူနာ	- ကူနာမြို့၌ သေနတ်သမားများ မော်တော်ကားဖြင့် ဖြတ်သန်းမောင်းနှင်ပစ်ခတ်ခဲ့ရာ မိသားစုဝင်သုံးဦး သေဆုံးခဲ့သည်။

အမ်အင်အန်အေ၊ဆင်ဟွာ

ဖိလစ်ပိုင်၌ မုန်တိုင်းတိုက်ခတ် ငါးဦးသေဆုံး ခုနစ်ဦးပျောက်ဆုံး

မနီလာ ဇွန် ၂၄

ဖိလစ်ပိုင်ကမ်းလွန်ရှိ ကျွန်းစုများကို ဇွန် ၂၄ရက်က ဦးတည်တိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် ငါးဖမ်းသမား ငါးဦး ပင်လယ်ပြင်အတွင်း သေဆုံးသွားခဲ့ပြီး ခုနစ်ဦး ပျောက်ဆုံးလျက် ရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

သေဆုံး

မုန်တိုင်းကြောင့် မနီလာမြို့တောင်ဘက် အလာဘတ်ကျွန်းစုအနီး၌ ငါးဖမ်းသင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ လေးဦး သေဆုံးပြီး ၁၁ဦးကို ကယ်တင်နိုင်ခဲ့သည်။

ပျောက်ဆုံး

ဖိလစ်ပိုင်အလယ်ပိုင်းရှိ စီဘူးနှင့် ဆာမာကျွန်းများ၌လည်း ငါးဖမ်းသမား တစ်ဦး ပင်လယ်ပြင်အတွင်း သေဆုံးကာ အခြားခြောက်ဦး ပျောက်ဆုံးလျက်ရှိကြောင်း ပြည်သူ့ကာကွယ်ရေးဌာနက ပြောကြားသည်။

စတင်တိုက်ခတ်

ရှမ်ဘလွန်ကျွန်းတွင်လည်း ရေလွှမ်းမှုများဖြစ်ပွားပြီး ကလေးငယ် တစ်ဦး ပျောက်ဆုံးသွားခဲ့သည်။ ယင်းမုန်တိုင်းသည် ဇွန်၂၃ရက်က ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ စတင်ဝင်ရောက် တိုက်ခတ်ခဲ့ပြီး မုန်တိုင်းဗဟိုချက်၌ တစ်နာရီလျှင် လေတိုက်နှုန်း ကီလိုမီတာ ၉၀နှုန်းတိုက်ခတ်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

အေ-၃၂၀ အဲဘတ်စ်

တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ်ရှိ ချန်ဒူလေဆိပ်၌ ၄င်းနိုင်ငံမှ ထုတ်လုပ်သည့် အေ-၃၂၀ အဲဘတ်စ် ဂျက်လေယာဉ်ကို ဇွန် ၂၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အပြည်ပြည်ဆိုင်ရာ စက်မှုနည်းပညာကုန်စည်ပြပွဲ ဟိုချီမင်းမြို့တွင် ကျင်းပမည်

ဟန်္နွိုင်း ဇွန် ၂၄

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ (၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စက်မှုနည်းပညာ ကုန်စည်ပြပွဲကို ဇူလိုင် ၈ရက်မှ ၁၁ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ဇွန် ၂၃ရက် တွင် ရင်းနှီးမြှုပ်နှံမှုအဖွဲ့၏ ပြောကြားချက်အရ ဒေသဆိုင်ရာသတင်း၌ ဖော်ပြသည်။

ယင်းကုန်စည်ပြပွဲတွင် နိုင်ငံပေါင်း ၂၅နိုင်ငံမှ ကုမ္ပဏီ ၄၀၀ကျော် ပါဝင်ပြသမည်ဖြစ်သည်။

စက်မှုနည်းပညာကုန်စည်ပြပွဲကို ဟိုချီမင်းမြို့၌ ၂၀၀၅ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ၄င်းကုန်စည်ပြပွဲကြောင့် ဗီယက်နမ်နိုင်ငံ၏ ကုန်သွယ်မှုပိုမိုတိုးတက်လာရန် ရည်ရွယ်ကြောင်း ဗီယက်နမ်ဝက်ဘ်ဆိုက်၌ ဖော်ပြသည်။ (အင်တာနက်)

A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားမှု ဟွန်ဒူးရပ်စ်၌ အမျိုးသမီးတစ်ဦးသေဆုံး

တီဂူစီဂယ်လ်ပါ ဇွန် ၂၄

ဟွန်ဒူးရပ်စ်နိုင်ငံတွင် A(H1N1) တုပ်ကွေးရောဂါကြောင့် အသက် ၂၃ နှစ်အရွယ်ရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး ပထမဦးဆုံး သေဆုံးသူဖြစ်လာကြောင်း ဟွန်ဒူးရပ်စ်ကျန်းမာရေးဝန်ကြီးဌာနက ဇွန် ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဟွန်ဒူးရပ်စ်နိုင်ငံအနောက်ပိုင်း ကျေးလက်ဒေသတွင် အဆိုပါအမျိုးသမီး နေထိုင်ခဲ့ကြောင်း၊ ယင်းအမျိုးသမီးသည် ဇွန်လလယ်က သေဆုံးခဲ့ကြောင်း၊ သို့သော်လည်း ယင်းသေဆုံးမှုသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တစ်ကမ္ဘာလုံးတွင်ပြန့်ပွားနေသည်ဟု သတ်မှတ်ထားသည့် A(H1N1) တုပ်ကွေးရောဂါကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု သက်ဆိုင်ရာအာဏာပိုင်များက ယခုမှ အတည်ပြုကြေညာခဲ့ခြင်းဖြစ်သည်။

အမေရိကတိုက်အလယ်ပိုင်းနိုင်ငံဖြစ်သည့် ဟွန်ဒူးရပ်စ်နိုင်ငံတွင် A(H1N1) တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားသူ ၁၁၈ ဦးရှိပြီး အများစုမှာ နိုင်ငံ၏အနောက်မြောက်ပိုင်း ဆူလာတောင်ကြားဒေသမှဖြစ်ကြောင်း၊ ယင်းဒေသသည် ဟွန်ဒူးရပ်စ်နိုင်ငံ၏ စက်မှုလုပ်ငန်း အများစုတည်ရှိရာဒေသဖြစ်ကြောင်း ယင်းသတင်း၌ဖော်ပြသည်။

အမ်အင်န်အေ၊ ရိုက်တာ

စီတီဂရုဘဏ်ပိုင်ရှင် အာရှ-ပစိဖိတ်အမှုဆောင်အရာရှိချုပ်ဘန်ဂါ မာစတာကပ်ကုမ္ပဏီတွင် တစ်နှစ်လျှင် လစာရူပီးသန်း ၉၀၀ ရရှိမည်

နယူးယောက် ဇွန် ၂၄

စီးပွားရေးအကျပ်အတည်းဆိုက်နေသော စီတီဂရုဘဏ်ပိုင်ရှင် အာရှ-ပစိဖိတ်အမှုဆောင်အရာရှိချုပ် အေဂျေပယ်လ်ဘန်ဂါသည် မာစတာကပ်ကုမ္ပဏီတွင် အလုပ်ရရှိမည်ဖြစ်ပြီး လစာငွေအဖြစ် တစ်နှစ်လျှင် ရူပီးသန်း ၉၀၀ ကို ရရှိမည်ဖြစ်ကြောင်း ပီတီအိုင်သတင်း၌ ဖော်ပြသည်။

ဖြစ်လာဖွယ်ရှိ

ဘန်ဂါသည် လာမည့်ဩဂုတ် ၃၁ ရက်မှစတင်ကာ မာစတာကပ်ကုမ္ပဏီတွင် ဥက္ကဋ္ဌသစ်နှင့် စီမံခန့်ခွဲရေးအရာရှိချုပ်သစ်အဖြစ် လုပ်ကိုင်ရမည်ဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး ဘဏ္ဍာရေးဝန်ဆောင်မှုကုမ္ပဏီဖြစ်သည့် မာစတာကပ်ကုမ္ပဏီတွင် တစ်နှစ်အတွင်း အမှုဆောင်အရာရှိချုပ် ဖြစ်လာဖွယ်ရှိသည်။

ရရှိမည်ဖြစ်

မာစတာကပ်ကုမ္ပဏီတွင် အလုပ်လုပ်ကိုင်ခြင်းဖြင့် ဘန်ဂါသည် လစာအဖြစ် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၅ သန်း (ရူးပီးသန်း ၁၀၀)ကို ရရှိမည်ဖြစ်ပြီး အခြားပုံမှန်ခွင့်ပြုစရိတ်အဖြစ် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၉ သန်း (ရူပီးသန်း ၈၀၀) ရရှိမည်ဖြစ်သဖြင့် အရပ်ရပ်ငွေကြေး တစ်နှစ်လျှင် ရူးပီးသန်း ၉၀၀ ရရှိမည်ဖြစ်ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ ပီတီအိုင်

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

ဖိလစ်ပိုင် ဆာမာနှင့်စီဘူးကျွန်းတို့၌မုန်တိုင်းတိုက်ခတ်

ဖိလစ်ပိုင်နိုင်ငံ စီဘူးနှင့် ဆာမာကျွန်းများသို့ ဇွန်၂၄ရက် နံနက်က နန်ကာအမည်ရှိ မုန်တိုင်းတိုက်ခတ်သွားရာ ငါးဖမ်းလုပ်သားခြောက်ဦး သေဆုံးပြီး ခုနစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဖိလစ်ပိုင်မိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

အီရန်နိုင်ငံ တီဟီရန်မြို့ အနောက်မြောက်ပိုင်း၌ လေယာဉ်ငယ်ပျက်ကျ

အီရန်နိုင်ငံ တီဟီရန်မြို့ အနောက်မြောက်ပိုင်းတွင် ဇွန် ၂၄ရက် နံနက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ကြောင်း၊ လေယာဉ်မှူးသေဆုံးသွားကြောင်း အီရန်အရာရှိများက ပြောကြားသည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်း၌ ဘတ်စ်ကား ချောက်ထဲထိုးကျ၊ ၂၅ဦးသေဆုံး

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဂျမ်မူးမြို့အနီးတွင် ဇွန်၂၄ရက် မွန်းလွဲပိုင်းက ခရီးသည်တင် ဘတ်စ်ကားတစ်စီး ချောက်ကမ်းပါးအတွင်း ထိုးကျသွားရာ ခရီးသည်၂၅ဦး သေဆုံးခဲ့ကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။

စတင်ပျံသန်းမည့် ဘိုးရင်း ၇၈၇ လေယာဉ် ကိုယ်ထည်ချွတ်ယွင်းမှုကြောင့် အစီအစဉ်ရွှေ့ဆိုင်း

အမေရိကန်နိုင်ငံ ချီကာဂိုမြို့အခြေစိုက် ဘိုးရင်းကုမ္ပဏီက ယခုဇွန်လကုန်၌ စတင်စမ်းသပ်ပျံသန်းမည့် ဘိုးရင်း ၇၈၇ လေယာဉ်၏ ပျံသန်းမှုအစီအစဉ်ကို ရွှေ့ဆိုင်းလိုက်ကြောင်း၊ လေယာဉ်၏ကိုယ်ထည်၌ ချွတ်ယွင်းမှုများတွေ့ရှိရ၍ဖြစ်ကြောင်း ဇွန် ၂၄ ရက်၌ သတင်းထုတ်ပြန်သည်။ (အပေါ်ပုံ)

ပါကစ္စတန် အစ္စလမ္မာဘတ်မြို့၌ အကြမ်းဖက်သမားများဖမ်းမိ

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့၌ ဇွန် ၂၄ရက်က အကြမ်းဖက် တိုက်ခိုက်ရေးသမား ၂၅ဦးကို ပါကစ္စတန်ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

နီပေါ အနောက်ပိုင်းဒေသများ၌ အပူလှိုင်း ကျရောက်

နီပေါနိုင်ငံအနောက်ပိုင်းဒေသများတွင် ဇွန် ၂၄ ရက်က အပူလှိုင်းကျရောက်ခဲ့မှုကြောင့် ဒေသခံပြည်သူ ၅၀၀၀၀ခန့် အပူလှိုင်းဒဏ်ခံစားခဲ့ရပြီး လူ ၅၀၀ခန့် ဆေးကုသမှုခံယူနေရကြောင်း နီပေါနိုင်ငံ ကျန်းမာရေးအရာရှိများက ပြောကြားသည်။

ဗီယက်နမ်က ဒုတိယမြောက်ဂြိုဟ်တု လွှတ်တင်မည်

ဗီယက်နမ်နိုင်ငံက ပြည်တွင်းလုပ် ဒုတိယမြောက်ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို လာမည့် ၂၀၁၂ခုနှစ်၌ အာကာသသို့ လွှတ်တင်နိုင်ရေး ဇွန် ၂၄ရက်က စတင်တည်ဆောက်နေပြီဖြစ်ကြောင်း ဗီယမ်နမ်နိုင်ငံ အရာရှိများက ပြောကြားသည်။

ရုရှားသမ္မတ မက်ဗီဒက်ဗ် နိုင်ဂျီးရီးယားရောက်ရှိ

ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်သည် နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့သို့ ဇွန် ၂၄ရက်က အထူးလေယာဉ်ဖြင့် ဆိုက်ရောက်လာသည်။ နှစ်နိုင်ငံ သဘာဝဓာတ်ငွေ့နှင့် နျူကလီးယားစွမ်းအင်ဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးမည်ဖြစ်ပြီး ရုရှားသမ္မတတစ်ဦးအနေဖြင့် ပထမဆုံးနိုင်ဂျီးရီးယား ခရီးစဉ်လည်းဖြစ်သည်။

ဘရူနိုင်း၌ A(H1N1) တုပ်ကွေးဖြစ်သူ ခုနစ်ဦးရှိပြီ

ဘရူနိုင်းနိုင်ငံတွင် ဇွန် ၂၄ရက်က A(H1N1) တုပ်ကွေးရောဂါဖြစ်ပွားသူ တစ်ဦးကို စစ်ဆေးတွေ့ရှိခဲ့ရာ ယင်းတုပ်ကွေးရောဂါဖြစ်ပွားသူ ခုနစ်ဦးရှိပြီဖြစ်ကြောင်း ဘရူနိုင်းနိုင်ငံ ကျန်းမာရေးအရာရှိများက ပြောကြားသည်။

ပါပူဝါနယူးဂီနီကျွန်း အရှေ့မြောက်ဘက်၌ ငလျင်လှုပ်

ပါပူဝါနယူးဂီနီကျွန်းနိုင်ငံ အရှေ့မြောက်ဘက်ကမ်းလွန်၌ ဇွန် ၂၄ ရက် နံနက်က ရစ်ချ်တာစကေး ၆ ဒသမ ၇ ရှိသော အင်အားပြင်းငလျင်လှုပ်သွားကြောင်း၊ ငလျင်လှုပ်မှုကြောင့် ပါပူဝါနယူးဂီနီကျွန်း မိုရက်စ်ဘိုင်မြို့၌ နေအိမ်အချို့ပျက်စီးခဲ့ကြောင်း သတင်း၌ဖော်ပြသည်။ (အောက်ပုံ)

အမေရိကန်နိုင်ငံသား Mr.John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့်အမှုတွင် တရားခံပြ သက်သေနှစ်ဦးတို့အား

ငြင်းပယ်ခဲ့သည့် အမိန့်နှင့်စပ်လျဉ်းသော ပြင်ဆင်မှုကို တရားရုံးချုပ်(ရန်ကုန်)၌ နှစ်ဖက်အပြီးသတ်လျှောက်လဲချက်ကြားနာ

ရန်ကုန် ဇွန် ၂၄

အမေရိကန်နိုင်ငံသား Mr.John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၇/၂၀၀၉တွင် တရားခံများဘက်မှ တင်ပြသော သက်သေ ဦးဝင်းတင်နှင့် ဦးတင်ဦးတို့ကို ငြင်းပယ်ခဲ့သည့် ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး၏ အမိန့်ကို အတည်ပြုသည့် ရန်ကုန်တိုင်းတရားရုံး၏ အမိန့်အပေါ် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့က မကျေနပ်သဖြင့် တရားရုံးချုပ်(ရန်ကုန်)တွင် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၃၃(ခ)/၂၀၀၉ကို တင်သွင်းလျှောက်ထားခဲ့ရာ တရားရုံးချုပ်(ရန်ကုန်)က လျှောက်ထားသူများ၏ရှေ့နေ ဦးကြည်ဝင်း၏လျှောက်လဲချက်ကို ကြားနာပြီးနောက် ပြင်ဆင်မှုကို ဇွန် (၁၇)ရက်က လက်ခံခဲ့သည်။

ကြားနာ

အဆိုပါပြင်ဆင်မှုကို ယနေ့ ဇွန် (၂၄)ရက် နံနက်(၁၀)နာရီတွင် တရားရုံးချုပ်(ရန်ကုန်) ၌ နှစ်ဖက်အပြီးသတ်လျှောက်လဲချက်ကို ကြားနာသည်။

တင်ပြလျှောက်လဲ

လျှောက်ထားသူများအတွက် တရားရုံးချုပ်ရှေ့နေ ဦးဉာဏ်ဝင်းက မိမိတို့ဘက်မှ ပြသသော သက်သေ (၄)ဦးအနက် ခရိုင်ရုံးအဆင့်တွင် သက်သေ(၃)ဦးတို့အား အကြောင်းပြချက် တိတိကျကျ မှတ်တမ်းမတင်ဘဲ လပွတ္တာမှ ရှေ့နေ(လိုင်စင်ရုပ်သိမ်းခံရသူ)ဦးကြည်ဝင်းကိုသာ ဥပဒေပညာရှင်အဖြစ် စစ်ပေးမည်ဟု အမိန့်ချမှတ်ခဲ့ကြောင်း၊ ကျန်သက်သေ (၃)ဦးကို မည်သည့်အကြောင်းကြောင့် ခေါ်မပေးဟု အကြောင်းပြချက်ကို ဥပဒေအတိုင်းရေးမထားသည့်အတွက်ကြောင့် မှားယွင်းကြောင်း၊ ယင်းအမှားကို ပြင်ဆင်ပေးရန် ရန်ကုန်တိုင်းတရားရုံးသို့ ပြင်ဆင်မှုတက်ရောက်ခဲ့ကြောင်း၊ ရန်ကုန်တိုင်းတရားသူကြီးက ၄င်း၏ ဇွန်(၉)ရက်နေ့ ရက်စွဲပါ စီရင်ချက်တွင် မူလရုံးက နေ့စဉ်မှတ်တမ်းတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၅၇(၁)ပြဋ္ဌာန်းချက်အရ အကြောင်းပြချက် ဖော်ပြမှုမပြုခြင်းမှာ ဥပဒေနှင့်ညီညွတ်ခြင်းမရှိဟု မဆိုနိုင်ကြောင်း၊ တရားရုံးများလက်စွဲအပိုဒ် ၁၁၁၅နှင့်အညီ ဆောင်ရွက်ထားခြင်းသာဖြစ်သည်ကို တွေ့ရသည်ဟု ဖော်ပြထားခြင်းမှာ မှားယွင်းနေကြောင်း၊ ဦးဝင်းတင်နှင့် ဦးတင်ဦးတို့ကို အကျင့်စာရိတ္တနှင့် စပ်လျဉ်း၍ သက်သေစာရင်းတင်သွင်းကြသည်ဟု ဖော်ပြထားပြီး ဒေါ်အောင်ဆန်းစုကြည်၏ အကျင့်စာရိတ္တနှင့် စပ်လျဉ်း၍ အငြင်းပွားစရာ အကြောင်းမရှိချေဟုလည်း တိုင်းတရားသူကြီး၏ စီရင်ချက်တွင် ဖော်ပြထားသည်ကို တွေ့ရကြောင်း၊ ဦးဝင်းတင်နှင့် ဦးတင်ဦးတို့ကို သက်သေပြခြင်းမှာ ပညာရှိတရားသူကြီးများ စဉ်းစားနေသော အကျင့်စာရိတ္တထက်မက နိုင်ငံရေးနှင့်စပ်ဆိုင်သော အကျင့်စာရိတ္တ(Political Character) အားလည်း ရည်ညွှန်းခြင်းဖြစ်သည်ကို တင်ပြလိုကြောင်း၊ Characterဆိုသော စကားလုံးနှင့်စပ်လျဉ်း၍ Judson၏ အင်္ဂလိပ်-မြန်မာအဘိဓာန်တွင် Public Characterဟူ၍လည်း ဖော်ပြထားကြောင်း၊ ထို့ကြောင့် ကျဉ်းမြောင်းသည့် အဓိပ္ပာယ်မျိုး မကောက်သင့်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးအကျင့်စာရိတ္တနှင့် စပ်လျဉ်း၍ ဦးဝင်းတင်နှင့် ဦးတင်ဦးတို့ကို စစ်ဆေးသင့်ပါကြောင်း စသည်ဖြင့် တင်ပြလျှောက်လဲသည်။

လျှောက်ထားခံရသူဘက်မှ လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ခင်ချိုအုန်းက ဒေါ်အောင်ဆန်းစုကြည်အပေါ် စွဲဆိုထားသော ဤအမှုသည် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၂ အရ စွဲဆိုသည့် အမှုဖြစ်ကြောင်း၊ ယင်းပုဒ်မအရ အရေးယူခြင်းမှာ ပြဋ္ဌာန်းထားသော ဥပဒေပုဒ်မပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် တရားစွဲဆိုအရေးယူခြင်း ဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်သည် ၄င်းအပေါ်အရေးယူထားသော ကန့်သတ်မိန့် (သို့မဟုတ်)တားဆီးမိန့်ကို မဆန့်ကျင်ကြောင်း၊ မဖောက်ဖျက်ကြောင်းကိုသာ ထုချေဖြေရှင်းရန်သာဖြစ်ကြောင်း၊ ပြင်ဆင်မှု လျှောက်ထားချက်တွင် ဦးဝင်းတင်နှင့် ဦးတင်ဦးတို့ကို သက်သေပြခြင်းမှာ နိုင်ငံရေးနှင့်စပ်ဆိုင်သော အကျင့်စာရိတ္တကို ရည်ညွှန်း၍ တင်ပြခြင်းဖြစ်သည်ဟု ဖော်ပြထားကြောင်း၊ ယင်းဖော်ပြချက်အရဆိုပါက ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးအကျင့်စာရိတ္တ (Political Character) နှင့် စပ်လျဉ်း၍ ဦးဝင်းတင်နှင့် ဦးတင်ဦးတို့ကို တရားခံပြသက်သေအဖြစ် စစ်ဆေးပေးလိုသည်ဟု တင်ပြခြင်း ဖြစ်သည်ကိုတွေ့ရကြောင်း၊ သက်သေခံ ဥပဒေပုဒ်မ ၅၅ ၏ ရှင်းလင်းချက်တွင် ပုဒ်မ ၅၂၊ ၅၃၊ ၅၄ နှင့် ၅၅ တို့၌ အကျင့်စာရိတ္တဆိုသောစကားရပ်တွင် ကျော်စောသတင်း(Reputation)နှင့် စိတ်နေသဘောထား (Disposition)တို့ ပါဝင်သည်ဟု ရှင်းလင်းထားကြောင်း၊ ဤပုဒ်မများအလို့ငှာ အကျင့်စာရိတ္တဆိုသော စကားရပ်တွင် နိုင်ငံရေးအကျင့်စာရိတ္တ(Political Character)ဆိုသောစကားရပ် မပါဝင်ကြောင်း၊ နိုင်ငံရေးအကျင့်စာရိတ္တနှင့် စပ်လျဉ်းပြီး သက်သေခံချက်တင်ပြနိုင်ခွင့်ရှိသည်ဟု သက်သေခံဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ ဦးဝင်းတင်နှင့် ဦးတင်ဦးတို့အား ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးအကျင့်စာရိတ္တနှင့် စပ်လျဉ်း၍ တရားခံပြသက်သေအဖြစ် စစ်ဆေးပေးရန်တင်ပြခြင်းသည် တရားရုံးတွင် အနှောင့်အယှက်ဖြစ်စေရန်၊ ကြန့်ကြာစေရန် ရည်ရွယ်၍ တင်ပြခြင်းသာဖြစ်သည်ဟု ကောက်ယူနိုင်ပါကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၇ (၁) ပြဋ္ဌာန်းချက်အရ တရားခံပြသက်သေများကို စစ်ဆေးရန် လျှောက်ထားခြင်းမှာ အနှောင့်အယှက်ပြုရန် (သို့မဟုတ်) ကြန့်ကြာစေရန် (သို့မဟုတ်) တရားမျှတစွာ ဆုံးဖြတ်နိုင်ရေးကို ထိခိုက်စေရန်အလို့ငှာ ပြုလုပ်သည်ဟု ယုံကြည်ပါက ထိုလျှောက်ထားချက်ကို တရားသူကြီးက ငြင်းဆိုနိုင်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ တရားခံတင်ပြသော သက်သေအားလုံးကို တရားရုံးက ဆင့်ဆိုပေးရမည်ဟူ၍ တရားရုံးတွင် တာဝန်မရှိပါကြောင်း၊ ဦးဝင်းတင်နှင့် ဦးတင်ဦးတို့ နှစ်ဦးအား တရားခံပြသက်သေများအဖြစ် စစ်ဆေးပေးရန် လျှောက်ထားခြင်းကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၇ (၁) အရ ငြင်းပယ်သင့်ပါကြောင်း၊ သို့ပါ၍ ပြင်ဆင်မှုလျှောက်ထားခြင်းကို ပလပ်သင့်ပါကြောင်း စသည်ဖြင့် တင်ပြလျှောက်လဲသည်။

လာရောက်

တရားရုံးချုပ်(ရန်ကုန်)၌ အပြီးသတ်လျှောက်လဲချက်ကြားနာရာတွင် လျှောက်ထားသူများဘက်မှ တရားရုံးချုပ်ရှေ့နေ ဦးဉာဏ်ဝင်း၊ ဦးလှမျိုးမြင့်နှင့် ဒေါ်ခင်ဌေးကြွယ်တို့ လာရောက်ကြပြီး လျှောက်ထားခံရသူများဘက်မှ ဒေါ်ခင်ချိုအုန်း (ညွှန်ကြားရေးမှူး-ရှေ့နေချုပ်ရုံး)၊ ဦးစံလှကျော် (ဒုတိယညွှန်ကြားရေးမှူး-ရှေ့နေချုပ်ရုံး)နှင့် ဦးအုန်းမြင့် (လက်ထောက်ညွှန်ကြားရေးမှူး-ရှေ့နေချုပ်ရုံး)တို့ လာရောက်ကြသည်။

တရားရုံးချုပ် (ရန်ကုန်)က အဆိုပါပြင်ဆင်မှုနှင့်စပ်လျဉ်း၍ အပြီးသတ်အမိန့်ချမှတ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၆-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	**မိဘမေတ္တာသားလိမ္မာ** တရားတော် (မေတ္တာအေးဆရာတော် အရှင်သုဇာတ)
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၄၂)
၈း၃၀	We Can Talk အနဂ္ဂ၊ ဇော်ဖြိုးလင်း၊ စောညီညီ၊ စိုးသူရ၊ ဇော်ဌေး
၉း၃၀	Sports World(Canoeing)
၁၀း၀၀	အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ (၄၁)ကြိမ်မြောက် အဘိဓမ္မာ စာအောင်ဆုနှင်းသဘင်
၁၀း၁၅	Activities in the City (MRCS ၏ စွမ်းဆောင်ချက် ဧရာဝတီတိုင်း မအူပင်မြို့နယ် အတွက်)
၁၀း၂၅	ကော်ဇောမှာအသွင်ဆန်း ဒေါပုံကော်ဇောအစွမ်း
၁၀း၅၀	တေးဂီတအစီအစဉ်
၁၁း၀၅	Make in A Delicious Way (ရသာဆန်းပြား ပီဇာအစားအစာများ) (အပိုင်း-၁)
၁၁း၂၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမိုးကုတ်ပေါက်ပေါက်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
၁၁း၅၅	Language Lub (အထက-၁၊ ဒဂုံ)
၁၂း၃၀	စားချင်စဖွယ်ဒေသထုတ် ဇလွန်ချင်းသုပ်
၁၂း၄၀	**အမွန်မြတ်ဆုံးလက်ဆောင်** နေရဲလင်း၊ နှင်းဥ၊ မေနံ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊ ဒေါ်တင်တင်လှ (ဒါရိုက်တာ-မောင်မောင်မြင့်)
၁း၀၀	**မိဘမေတ္တာသားလိမ္မာ** တရားတော် (မေတ္တာအေးဆရာတော် အရှင်သုဇာတ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	Fashion Music Festival (Lip Stick Fashion)
၃း၃၀	ဂျူရဲအိုင်ဒီယာ၏ သမိုင်းကြောင်း
၃း၄၀	အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ (၄၁)ကြိမ်မြောက် အဘိဓမ္မာ စာအောင်ဆုနှင်းသဘင်
၄း၀၅	ဟူးကောင်းချိုင့်ဝှမ်းမှ ကျားသုတေသနပြုလုပ်ငန်း
၄း၂၀	Activities in the City (MRCS ၏ စွမ်းဆောင်ချက် ဧရာဝတီတိုင်း မအူပင်မြို့နယ် အတွက်)
၄း၃၅	ရန်ကုန်မြင်ကွင်းကျယ် Sky Lark ကုန်ပစ္စည်းမိတ်ဆက်ပွဲ
၄း၅၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမိုးကုတ်ပေါက်ပေါက်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
၅း၂၀	အနုပညာမိုးကောင်းကင်
၆း၀၀	MRTV-4 သတင်း
၆း၁၅	World of Knowledge (Situation Critical Assault on Entebbe)
၇း၀၀	Fashion Music Festival (Lip Stick Fashion)
၇း၄၅	Make in A Delicious Way (ရသာဆန်းပြား ပီဇာအစားအစာများ) (အပိုင်း-၁)
၈း၀၀	MRTV-4 သတင်း
၈း၃၀	Box Office Movies (Casino Royal)
၈း၅၀	ရန်ကုန်မြင်ကွင်းကျယ် (Sky Lark ကုန်ပစ္စည်းမိတ်ဆက်ပွဲ)
၉း၀၀	အနုပညာမိုးကောင်းကင်
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၄၂)
၁၀း၀၀	ကမ္ဘာ့စုံလင်အားကစားအစီအစဉ် (၁) AIR Race World Championships (၂) အာရှရဲ့ ဘောလုံးလောက (အပိုင်း-၁)
၁၁း၄၅	ဂျူရဲအိုင်ဒီယာ၏ သမိုင်းကြောင်း
၁၂း၀၀	အာဟာရနှင့် ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်မြင့်ဇင်)
၁၂း၂၅	တေးဂီတအစီအစဉ်
၁၂း၃၅	သဘာဝအလှများစုဝေးရာ ပူတာအိုမြို့
၁၂း၄၅	စဉ်ဆက်မပြတ်ထိန်းသိမ်းစရာ မြန်မာ့ရိုးရာဂီတပညာ
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ခုနှစ် ဇွန်လအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

၂၈-၆-၂၀၀၉ ရက်နေ့

၂၀၀၉ခုနှစ် ဇူလိုင်လအတွက်

၁၂-၇-၂၀၀၉ရက်နေ့

နှင့်

၂၆-၇-၂၀၀၉ရက်နေ့

ဗိသုကာပညာရပ်ဆိုင်ရာ ဟောပြောပွဲ

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ပညာရပ်ဆိုင်ရာဟောပြောပွဲကို ဇွန်၂၇ရက် (စနေနေ့) ညနေ၃နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း) မြေညီထပ် Seminar Room တွင် ကျင်းပမည်ဖြစ်ရာ ဒေါက်တာကျော်လတ်က Bagan Architecture ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပြီး ဗိသုကာဦးဆန်းဦးက Architecture in Myanmar ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။ CPD Talk ဖြစ်သဖြင့် Registered Architect များ မပျက်မကွက် (မပျက်မကွက်) တက်ရောက်ရန်နှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံဗိသုကာအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်မိုးမိုးလွင် ဖုန်း-၀၉- ၈၇-၆၃၅၀၀၊ ရုံးအဖွဲ့မှူး ဒေါ်နီလာကျော် ဖုန်း-၀၉-၅၁-၁၆၉၈၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ဗိသုကာအသင်း)

စက်ချုပ်သင်တန်း ဖွင့်လှစ်သင်ကြားမည်

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့မှကြီးမှူး၍အခြေခံအမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်းအမှတ်စဉ် (၃/၂၀၀၉)ကို ဇူလိုင် ၁၃ ရက်မှ စတင်၍ နှစ်လကြာဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းသူ ၂၀ သာ လက်ခံသင်ကြားမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို အောင်ဆန်းအားကစားပြိုင်ဝင်း အနောက်ဘက်တန်းရှိ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ရုံး ဖုန်း-၂၅၂၅၈၉ တွင် ရယူ၍ ဇူလိုင် ၁၀ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်သည်။

(အမျိုးသမီးရေးရာအဖွဲ့ချုပ်)

* ကျော့ဖုံးမှ

ပရိုတွန်အက်တမ်များသည် လ၏ မျက်နှာပြင်ကို ရိုက်ခတ်ဟန်တူကြောင်း၊ လမှ ထွက်ရှိနေသော ဟိုက်ဒရိုဂျင်အက်တမ်များ၏ မူလအစဖြစ်ပေါ်မှုမှာ နေဂြိုဟ်ပေါက်ကွဲခြင်းကြောင့် ဖြစ်နိုင်ကြောင်းဆိုသည်။

လျင်မြန်

နေဂြိုဟ်မှ ထွက်ရှိနေသော ပရိုတွန်အက်တမ်များမှာ တစ်နာရီလျှင် ၁ဒသမ ၆သန်း ကီလိုမီတာနှုန်းဖြင့် လျင်မြန်စွာရွေ့လျားကာ လ၏ မျက်နှာပြင်သို့ လာရောက်ရိုက်ခတ်ကျဆင်းခြင်းဖြစ်သည်။

အလင်းရောင်

လ၏ အလင်းရောင်သည် လမျက်နှာပြင်သို့ အက်တမ်ကျရောက် ရိုက်ခတ်သည့် နေဂြိုဟ်မှအလင်းရောင်ကြောင့်ဖြစ်ကြောင်း၊ လတွင် ညအချိန် အလင်းရောင် ဖြာထွက်နေခြင်းမှာ နေဂြိုဟ်မှ ထွက်ရှိသော အက်တမ်များ၏ ရိုက်ခတ်မှုနှင့် အလင်းပြန်ထွက်မှုများနှင့် ဆက်စပ်လျက်ရှိရာ မည်သည့်အတိုင်းအတာအထိ လ၏ အလင်းရောင်ကို ဖြည့်ဆည်းပေးနိုင်စွမ်းရှိကြောင်းကို ဆက်လက်သုတေသနပြုရမည်ဖြစ်သည်။

(အင်တာနက်)

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၄-၆-၂၀၀၉

ကျိုက္ခမီ	၃ ဒသမ	၁၁ လက်မ
မော်လမြိုင်	၂ ဒသမ	၃၆ လက်မ
ဖျာပုံ	၁ ဒသမ	၈၅ လက်မ
ကိုကိုးကျွန်း	၁ ဒသမ	၇၇ လက်မ

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ရှောင်တခင်စစ်ဆေး

ကျိုင်းတုံ ဇွန် ၂၄

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး (ကျိုင်းတုံ)မှ ပြည်နယ်ဦးစီးမှူး ဦးငွေဝင်း (ဒုတိယညွှန်ကြားရေးမှူး)ဦးဆောင်သော အဖွဲ့သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ယာဉ်ထိန်းတပ်ဖွဲ့တို့နှင့် ပူးပေါင်း၍ ဇွန်၂၀ရက်က ကျိုင်းတုံမြို့ တာချီလိတ်လမ်း ကျိုင်းတုံပြည်သူ့ဆေးရုံကြီးရှေ့ လမ်းမကြီးပေါ်၌ သွားလာမောင်းနှင်လျက်ရှိသည့် ယာဉ်နှင့်ယာဉ်မောင်းများအား ယာဉ်မတော်တဆမှုလျော့နည်းပပျောက်စေရေးအတွက် ယာဉ်ကြွံခိုင်မှု ရှိ မရှိ၊သတ်မှတ်ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်ခြင်း ရှိ မရှိနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့်အညီ စနစ်တကျ ထိန်းသိမ်းမောင်းနှင်ခြင်း ရှိ မရှိတို့ကို ရှောင်တခင် စစ်ဆေး၍ ပညာပေး အရေးယူဆောင်ရွက်ခဲ့သည်။ (ဝဲပုံ)

(ကညန ကျိုင်းတုံ)

25-6 (06).pmd 1 6/25/2009, 1:52 AM

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် သဘာဝဘေးအန္တရာယ်လျှော့ချရေး ကမ္ဘာလုံးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်စဉ်။ (လူမှုဝန်ထမ်း)

ဒုတိယအကြိမ် သဘာဝဘေးအန္တရာယ်လျှော့ချရေး ကမ္ဘာလုံးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တက်ရောက်

ရန်ကုန် ဇွန် ၂၄

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဇွန် ၁၆ရက် မှ ၁၉ရက်အထိ ကျင်းပခဲ့သည့် ဒုတိယအကြိမ် သဘာဝဘေးအန္တရာယ်လျှော့ချရေး ကမ္ဘာလုံးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ (Second Session of Global Platform for Disaster Risk Reduction)သို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ဦးဆောင်ပြီး ဂျီနီဗာမြို့ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံး အမြဲတမ်းကိုယ်စားလှယ်သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အဖွဲ့ရုံးအရာရှိများပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

နိုင်ငံအလိုက်တင်ပြ

ဇွန် ၁၆ရက် နံနက် ၉ နာရီခွဲတွင် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အသံသွင်းအမှာစကားဖြင့် စတင်ခဲ့ပြီး ဆွစ်ကွန်ဖက်ဒရေးရှင်း၏ ဥက္ကဋ္ဌ မစ္စတာဟန့်စ်ရူဒေါ့ဖ်မာ့ဇ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် သဘာဝဘေးအန္တရာယ် လျှော့ချရေး တိုးတက်မှုအခြေအနေများ ဆွေးနွေးခြင်း၊ အာရပ်ဒေသ၊ ပစိဖိတ်ကျွန်းဒေသများ၊ အမေရိကန်နိုင်ငံများအဖွဲ့၊ အာဖရိကနိုင်ငံများအဖွဲ့၊ ဥရောပကောင်စီနှင့် အာဆီယံဒေသတို့မှ မိမိတို့ဒေသအသီးသီးတွင် ဆောင်ရွက်လျက်ရှိသည့် သဘာဝဘေးလျှော့ချရေးနှင့် ကာကွယ်ရေးဆိုင်ရာဆောင်ရွက်မှုများ၊ ပြန်လည်ထူထောင်ရေးဆိုင်ရာဆောင်ရွက်မှုများတင်ပြခြင်း၊ ရာသီဥတုပြောင်းလဲမှု (Climate Change)လျှော့နည်းစေရေးဆောင်ရွက်မှုများနှင့် အဆင့်မြင့်ကိုယ်စားလှယ်များမှ နိုင်ငံအလိုက် တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ရှင်းလင်းတင်ပြ

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ဇွန် ၁၆ရက်တွင် အစည်းအဝေးသဘာပတိ မစ္စတာဂျွန်ဟုမ်းက အဆင့်မြင့်ကိုယ်စားလှယ်များအား တည်ခင်းသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပြီး မွန်းလွဲပိုင်းတွင် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက နာဂစ်မုန်တိုင်း တွေ့ကြုံခဲ့ရစဉ်က ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးလုပ်ငန်းများကို တပ်မတော်နှင့်ပြည်သူ့ဝန်ထမ်းများ အင်အားပြည့် ပါဝင်ဆောင်ရွက်ချက်များ၊ မြန်မာအစိုးရ၊ အာဆီယံနှင့်ကုလသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်မှုများ၏အောင်မြင်မှုများ၊ အနာဂတ်ကာလတွင် သဘာဝဘေးလျော့ပါးရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီမှ ၂၀၀၉ခုနှစ် ဇန်နဝါရီလတွင် သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ တည်မြဲအမိန့်ထုတ်ပြန်မှုနှင့် မြန်မာနိုင်ငံသဘာဝဘေးလျော့ပါးရေး လုပ်ငန်းစီမံချက်တစ်ရပ် စတင်ရေးဆွဲနေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တက်ရောက်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကုလသမဂ္ဂအဖွဲ့ဝင် ၁၄၆နိုင်ငံမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ် စုစုပေါင်း ၁၈၀၀ကျော်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သရက်-ပွင့်ဖြူနှင့် ပွင့်ဖြူ-ပခုက္ကူ ရထားလမ်းပိုင်းများ မြေသားလုပ်ငန်းနှင့် တံတားကြီးများဆောင်ရွက်ပြီးစီးမှု

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့နှင့်အတူ ဇွန် ၁၉ရက်က ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ သရက်-ပွင့်ဖြူလမ်းပိုင်း စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ စီမံကိန်းအင်ဂျင်နီယာ ဦးသန်းဌေးက လမ်းနှင့်ဘူတာများဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ စီမံကိန်းအင်ဂျင်နီယာဦးမျိုးဝင်းက တံတားကြီးများ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးနှင့် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက လမ်းပိုင်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားကြရန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မင်းလှမြို့သို့ ရောက်ရှိပြီး မင်းလှဘူတာ တည်ဆောက်မည့် မြေနေရာကိုလည်းကောင်း၊ မလွန်မြို့အနီးရှိ စတုတ္ထမြစ်ကျဉ်းနေရာသို့ ရောက်ရှိပြီး ဧရာဝတီမြစ်ကို ဖြတ်ကူးမည့် ရထား၊ ကား တံတားတည်ဆောက်မည့် မြေနေရာနှင့် မင်းဘူးဘူတာ တည်ဆောက်မည့် မြေနေရာတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်အဖွဲ့သည် ဇွန် ၂၀ရက်တွင် ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ သရက်-ပွင့်ဖြူလမ်းပိုင်း စကုမြို့နယ်ကျွဲတဲရွာအနီးရှိ မန်းချောင်း တံတားတည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းအင်ဂျင်နီယာဦးမျိုးဝင်းက တံတားတည်ဆောက်မည့်အခြေအနေကို ရှင်းလင်းတင်ပြ၍ ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး တံတားတည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် တောစိမ့်ကျေးရွာအနီးရှိ တောစိမ့်ဘူတာ တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ပွင့်ဖြူ-ပခုက္ကူလမ်းပိုင်း ဆိပ်ဖြူမြို့ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး စီမံကိန်းအင်ဂျင်နီယာ ဦးဌေးအောင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ချောင်းမကိုင်းတံတား တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူး ဦးတင်မောင်ဦးက တံတား တည်ဆောက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး စက်ယန္တရားများဖြင့် တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

လိုအပ်သည်များမှာကြား

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ပခုက္ကူတက္ကသိုလ်ဘူတာ တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ ၅၇ ပေအရှည် ရွှေကျောင်းချောင်း တံတားတည်ဆောက်နေမှုကို လည်းကောင်း၊ ပခုက္ကူဘူတာအနီးရှိ ပခုက္ကူ-ပွင့်ဖြူလမ်းပိုင်း၌ အသုံးပြုရန် ရောက်ရှိလာသော သံလမ်းများ စုပုံနေမှုကိုလည်းကောင်း၊ ပခုက္ကူမြို့ ကွန်ကရစ် ဇလီဖားစက်ရုံ တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိပြီး စက်ရုံတည်ဆောက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

တံတားတည်ဆောက်မှုကြည့်ရှု

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရွှေကျောင်းချောင်း တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

ကုက္ကိုင်းရေကူးအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇွန် ၂၄

ကုက္ကိုင်းရေကူးအသင်း၏ ၂၀၀၈-၂၀၀၉ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဇွန်၂၂ရက် နံနက်၉နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ ကုက္ကိုင်းရေကူးအသင်း အသင်းခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ သဘာပတိ ကုက္ကိုင်းရေကူးအသင်းနာယက ဦးဆန်းထွန်း (နယူးပုံနှိပ်တိုက်)က အမှာစကားပြောကြားပြီး ၂၀၀၈-၂၀၀၉ခုနှစ် အမှုဆောင်ကော်မတီ၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ၂၀၀၈-၂၀၀၉ခုနှစ် အမှုဆောင်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးချိုမောင်ကဖတ်ကြား၍ အတည်ပြုချက်ရယူသည်။ ဆက်လက်၍ ၂၀၀၉-၂၀၁၀ခုနှစ်အတွက် ဥက္ကဋ္ဌ ဦးဟန်ထွန်းမောင်(စိန်လျှံ)၊ အတွင်းရေးမှူး ဦးချိုမောင် ပါဝင်သော အမှုဆောင်ကော်မတီအသစ်ကို ပြန်လည်ဖွဲ့စည်းသည်။ **(အောက်ပုံ)**

အဆိုပါ ကုက္ကိုင်းရေကူးအသင်းကို ၁၉၀၄ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး နှစ်ပေါင်း ၁၀၀ကျော်သက်တမ်းရှိ ရေကူးအသင်းလည်းဖြစ်သည်။ **(မြန်မာ့အလင်း)**

ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၄

အားကစားနှင့်ကာယပညာဦးစီးဌာန နှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်တို့က ကြီးမှူး၍ ၂၀၀၉ခုနှစ် (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၂ရက် ညနေပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ တစ်ဦးချင်း ပြိုင်ပွဲများနှင့် အသင်းလိုက်ပြိုင်ပွဲများတွင် ဆုရရှိကြသော အားကစား မောင်၊မယ်များနှင့် အသင်းများအား အားကစားနှင့်ကာယပညာဦးစီးဌာန နှင့် မြန်မာနိုင်ငံကရာတေးဒို အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ဆုများကို အလှည့်ကျ ပေးအပ်ချီးမြှင့်ကြသည်။

ချီးမြှင့်

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က အမျိုးသား(၇၅)ကီလိုအထက် ပြိုင်ပွဲတွင် ပထမရရှိသော အောင်သီဟ(ရန်ကုန်တိုင်း)၊ ဒုတိယရရှိသော ကျော်သူရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် တွဲဖက်တတိယရရှိကြသော အယ်လ်ဒိုထူး (ကယားပြည်နယ်)နှင့် တင်ထွဋ် (မန္တလေးတိုင်း)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်

ယင်းနောက် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိကြသော မောင်အောင်ခန့် (ရွှေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ်တစ်ခု ရန်ကုန်တိုင်း) နှင့် မမြင့်သီရိ (ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခု မန္တလေးတိုင်း)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ် နှစ်ခုဖြင့် အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲတွင် ပထမရရှိသော မန္တလေးတိုင်းအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ရွှေတံဆိပ်ငါးခုနှင့် ကြေးတံဆိပ်နှစ်ခုဖြင့် အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမရရှိသော ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက် ဒိုင်းဆုကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ) (သတင်းစဉ်)**

အမျိုးသားသဘာဝ ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မော်လမြိုင်ကျွန်းမြို့နယ် ရာဇူဒိုင်တံတား အမှတ်(၂) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၃ မှ

ရာဇူဒိုင်တံတားအမှတ် (၁)

အဆိုပါ ရာဇူဒိုင်တံတားအမှတ်(၁)သည် ပင်မတံတားမှာ သံမဏိသံပေါင်နှင့် ချဉ်းကပ်တံတားမှာ သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းဖြစ်သည်။ ပင်မတံတားသည် ဇွဇဒသမ ၂ပေရှိပြီး ချဉ်းကပ်တံတားသည် မော်လမြိုင်ကျွန်းဘက်ကမ်း၌ ပေ၆၆၀ (ပေ၆၀×၁၁ခန်း)နှင့် ကျိုက်ပိဘက်ကမ်း၌ ပေ၁၈၀ (ပေ၆၀×၃ခန်း)ရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ပေ၂၀ တစ်လမ်းသွားဖြစ်ပြီး တစ်ဖက်လျှင်လူသွားလမ်းအကျယ် နှစ်ပေစီပါရှိသည်။ တံတားအောက်ရေလမ်းကင်းလွတ်မှာ အကျယ်ပေ၁၈၀နှင့်အမြင့်ပေ၂၀ဖြစ်ပြီး ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ တန်၆၀ဖြစ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁)၏ ရာဇူဒိုင်တံတားအမှတ်(၂) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က တံတားရေလယ်တိုင် အမှတ် (P3) နှင့် (P4) ပြီးစီးမှု၊ မော်လမြိုင်ကျွန်းဘက်ကမ်း ချဉ်းကပ်တံတားတိုင်အမှတ် (A2) Cap လောင်းရန်ဆောင်ရွက်နေမှု၊ တိုင်အမှတ် (P6) ပိုင်တိုင်တူးဖော်နေမှု၊ တိုင်အမှတ် (P5) Cap လုပ်ငန်းများ ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဧရာဝတီတိုင်း လမ်းကွန်ရက်စနစ် ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လမ်းကွန်ရက်စနစ် ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တံတားတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းဆောင်မှ ကြည့်ရှုစစ်ဆေးသည်။

ရာဇူဒိုင်တံတားအမှတ်(၂)

အဆိုပါ ရာဇူဒိုင်တံတားအမှတ်(၂)သည် တစ်လမ်းသွား သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ပင်မတံတားအရှည်မှာ ပေ၃၀၀ (ပေ၁၀၀x၃ခန်း)နှင့် ချဉ်းကပ်တံတားမှာ မော်လမြိုင်ကျွန်းဘက်ကမ်းနှင့် ကျိုက်ပိဘက်ကမ်းတို့၌ ပေ၁၂၀စီရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ပေ၂၀ တစ်လမ်းသွားဖြစ်ပြီး တစ်ဖက်လျှင် လူသွားလမ်းအကျယ် နှစ်ပေစီပါရှိသည်။ တံတားအောက်ရေလမ်းကင်းလွတ်မှာ အကျယ် ပေ၈၀နှင့် အမြင့်၁၀ပေဖြစ်ပြီး ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ တန်၆၀ဖြစ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်သည် မော်ရောခန်းမအပြင်ဘက်၌ ပြသထားသော မော်လမြိုင်ကျွန်းမြို့နယ်အတွင်း အသစ်တည်ဆောက်ပြီးစီးသွားသော အခြေခံပညာကျောင်း ၄၁ကျောင်းနှင့်ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းတို့၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မော်ရောခန်းမ၌ကျင်းပသည့် မော်လမြိုင်ကျွန်းမြို့နယ်အတွင်း အသစ်တည်ဆောက်ပြီးစီးသွားသော အခြေခံပညာကျောင်း ၄၁ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းတို့ လွှဲပြောင်းအပ်နှံပွဲအခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဆောက်လုပ်ရေးကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြန်လည်တည်ဆောက်ရေး

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ၊ စာသင်ကျောင်းများ ဆောက်လုပ်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းက မော်လမြိုင်ကျွန်းမြို့နယ်တွင် နာဂစ်မုန်တိုင်းကာလအတွင်း ပျက်စီးသွားသည့် စာသင်ကျောင်းများတည်ဆောက်ပြီးစီးသွားသည့် အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းထံ Original Group ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဦးသာဌေးက ဆောက်လုပ်ပြီးစီးသွားသော အခြေခံပညာကျောင်း ၁၇ကျောင်း၊ တီဇက်တီအမ် ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဦးဆစ်ဟုတ်က ဆောက်လုပ်ပြီးစီးသွားသော အခြေခံပညာကျောင်း ၁၁ကျောင်း၊ အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးလှဌေးက ဆောက်လုပ်ပြီးစီးသွားသော အခြေခံပညာကျောင်း ၁၀ကျောင်း၊ မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးသက်လွင်ဇော်က ဆောက်လုပ်ပြီးစီးသွားသော အခြေခံပညာကျောင်း သုံးကျောင်းတို့နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဆောက်လုပ်ပြီးစီးသွားသော အခြေခံပညာကျောင်း၄၁ကျောင်းနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကိုလည်းကောင်း၊ မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် လှူဒါန်းသောဗလာစာအုပ်များကိုလည်းကောင်း မော်လမြိုင်ကျွန်းမြို့နယ်ပညာရေးမှူး ဦးတင်မင်းသို့ ထပ်ဆင့်၍ လွှဲပြောင်းပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာနမှ လွှဲပြောင်းပေးအပ်သည့်အလှူငွေ၊ ဆောက်လုပ်ရေး ကုမ္ပဏီများ၏အလှူငွေတို့ဖြင့် အသစ်တည်ဆောက်ပြီးစီးသော ဘုန်းတော်ကြီးနှစ်ကျောင်းတို့ကို လွှဲပြောင်းပေးအပ်လှူဒါန်းကြရာ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၂၇လမ်းနေ ဒေါ်ကျင်သိန်း၏ လှူဒါန်းငွေကျပ်သိန်း ၂၆၀ မတည်ပြီး အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီက ဆောက်လုပ်လှူဒါန်းပြီးစီးသွားသည့်ငွေကျပ် ၃၈၈သိန်းတန်ဖိုးရှိ ငွေစင်ရော်စံပြကျေးရွာ ဘုန်းတော်ကြီးကျောင်းကို တာဝန်ခံအင်ဂျင်နီယာဦးလှဌေးကလည်းကောင်း၊ မန္တလေးမြို့စလင်းကျောင်းတိုက်ဆရာတော် ဦးတိက္ခဦးစီး၍ အများပြည်သူလှူဒါန်းငွေကျပ် သိန်း၁၀၀ မတည်ပြီး တီဇက်တီအမ်ဆောက်လုပ်ရေးကုမ္ပဏီက ဆောက်လုပ်လှူဒါန်းပြီးစီးသွားသည့် ငွေကျပ် သိန်း ၄၆၀ တန်ဖိုးရှိ ကြက်လျှာစံပြကျေးရွာ ဘုန်းတော်ကြီးကျောင်းကို မန်နေဂျင်းဒါရိုက်တာ ဦးဆစ်ဟုတ်ကလည်းကောင်း မြို့နယ်သာသနာရေး ဦးစီးဌာနမှူး ဦးမြင့်စိန်သို့ လွှဲပြောင်းပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများအတွက် မီးဖိုချောင်သုံးသီးနှံမျိုးစေ့များကို မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်သို့ လွှဲပြောင်းပေးအပ်သည်။

လူ့စွမ်းအားအရင်းအမြစ်

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ယနေ့ ပညာခေတ်တွင် နိုင်ငံတိုင်းက မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြကြောင်း။

မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များသည် မိမိတို့အတတ်ပညာ၊ နည်းပညာစွမ်းအားတို့ဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဆက်လက်ထိန်းသိမ်း

ပြည်သူတစ်ရပ်လုံးက လိုလားအကောင်အထည်ဖော်လျက်ရှိသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်း ခါးသီးစွာတွေ့ကြုံခဲ့ရသည့် အခြေအနေများကို သင်ခန်းစာရယူပြီး အနာဂတ်နိုင်ငံတော်အတွက် လက်ရှိဖြစ်ပေါ်တိုးတက်နေမှုများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေမျိုးပေါ်ပေါက်လာအောင်

မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာကျေးရွာအုပ်စု ဓနိချောင်းစံပြကျေးရွာကို ဝေဟင်မှတွေ့ရစဉ်။ (သတင်းစဉ်)

အသိတရားနှင့်ယှဉ်၍ သတိတရားပေါင်းစပ်ကာသုံးသပ် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က နာဂစ်မုန်တိုင်းကြောင့်ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်တည်ဆောက်ပြီးစီးမှု၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ပေးမှု၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် Cyclone Shelter များ တည်ဆောက်နေမှုနှင့် လမ်းကွန်ရက်များဖောက်လုပ်နေမှုတို့ကို ပဏာမရှင်းလင်းပြောကြားပြီး ဧရာဝတီတိုင်းသည် သဘာဝအရင်းအမြစ်များဖြစ်သည့် ရေသယံဇာတ၊ မြေသယံဇာတများ ပေါကြွယ်ဝသောဒေသဖြစ်၍ ယင်းအခြေခံကောင်းများကို မိမိတို့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးပြုနိုင်ရေးအတွက် အလုပ်ကိုဝီရိယထား ကြိုးစားလုပ်ကိုင်ကြရန်၊ မိမိတို့နိုင်ငံသည် နယ်မြေဒေသအသီးသီးတွင် တိုင်းရင်းသားများစုပေါင်းနေထိုင်သော ပြည်ထောင်စုကြီးဖြစ်သဖြင့် ဒို့တာဝန်အရေး(၃)ပါးကို နိုင်ငံသားတိုင်းက အမျိုးသားရေး မူဝါဒအဖြစ်ခံယူပြီး ထိန်းသိမ်းစောင့်ရှောက်သွားကြရန်ဖြစ်ကြောင်းကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ပြန်လည်နှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့နယ် ကြက်လျှာကျေးရွာအုပ်စု ခနီချောင်းစံပြကျေးရွာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြရာ နိုင်ငံတော်ဝန်ကြီးချုပ်က ရင်းရင်းနှီးနှီး ပြန်လည်နှုတ်ဆက်သည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်က မော်လမြိုင်ကျွန်းမြို့နယ်အတွင်း၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကျေးလက်အိမ်ရာများ ဆောက်လုပ်ပြီးစီးမှု၊ အခြေခံပညာကျောင်းများ ပြန်လည်တည်ဆောက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တီဇက်တီအမ် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းအောင်ကျော်က ကျေးလက်အိမ်ရာများ တည်ဆောက်ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။

ရာဇဒိုင်တံတားအမှတ်(၂)သည် တစ်လမ်းသွားတံတားအမျိုးအစားဖြစ်ပြီး ပင်မတံတားအရှည်မှာ ပေ ၃၀၀နှင့် ချဉ်းကပ်တံတားမှာ ပေ၁၂၀စီရှိ

ကြည့်ရှုစစ်ဆေး

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မော်လမြိုင်ကျွန်းမြို့နယ် ခနီချောင်းစံပြကျေးရွာ ပွင့်သစ်စ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်၌ ဒေသခံပြည်သူများ စာပေဖတ်ရှုလေ့လာနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းထံ ဆောက်လုပ်ရေးကုမ္ပဏီများမှ တာဝန်ရှိသူများက ဆောက်လုပ်ပြီးစီးသွားသော အခြေခံပညာကျောင်းများနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ဖြည့်ဆည်းဆောင်ရွက်

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျေးရွာအတွင်း လမ်းများဖောက်လုပ်ထားမှု၊ အိမ်ခြံဝင်းများအတွင်း၌ အရိပ်ရပင်၊ လေကာပင်နှင့် စားသုံးသီးပင်များ စိုက်ပျိုးထားမှု၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက အများသုံးတယ်လီဖုန်းတပ်ဆင်ထားမှု၊ ပွင့်သစ်စ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်၌ ဒေသခံပြည်သူများ စာပေဖတ်ရှုလေ့လာနေမှုနှင့် ယာယီဆေးခန်းဖွင့်လှစ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ခနီချောင်းစံပြကျေးရွာမှ သာပေါင်းမြို့နယ် လေ့တက်ကြီးကျေးရွာရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ စက္ကူနှင့်ပျော့ဖတ်စက်ရုံ(သာပေါင်း)သို့ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ လမ်းခရီးရှိ မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းကျေးရွာ၌ ဆောက်လုပ်ပြီး ကျေးလက်အိမ်ရာများနှင့် အခြေခံပညာ အထက်တန်းကျောင်း ဆောက်လုပ်မှုအခြေအနေများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စက္ကူနှင့်ပျော့ဖတ်စက်ရုံ(သာပေါင်း)သို့ ရောက်ရှိကြပြီး စက်ရုံအစည်းအဝေးခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ်အား စက်ရုံစုမှူး ဦးရည်မွန်က စက္ကူနှင့်ပျော့ဖတ်စက်ရုံ(သာပေါင်း)၏ ကုန်ထုတ်လုပ်မှု အခြေအနေနှင့် စက်ရုံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က သိလိုသည်များအား မေးမြန်းပြီး လိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စက္ကူနှင့်ပျော့ဖတ်စက်ရုံ(သာပေါင်း)မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

လှိုင်းဘုန်းကျေးရွာရှိကျေးလက်အိမ်ရာများ

မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းကျေးရွာရှိ ဆောက်လုပ်ပြီး ကျေးလက်အိမ်ရာများကို ဝေဟင်မှတွေ့ရစဉ်။ (သတင်းစဉ်)

သေမင်းကို လက်ကမ်း မကြိုကြပါနှင့်

မောင်ဆွေဝင်း (ပဲခူး)

ဇွန်လ၂၆ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဖြစ်သည်။ မူးယစ်ဆေးဝါးပြဿနာသည် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ဖြေရှင်းနိုင်မည့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာဖြစ်လာသောကြောင့် တစ်နိုင်ငံတည်းက တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ကြိုးပမ်းဆောင်ရွက်နေရုံမျှဖြင့် မလုံလောက်တော့ပေ။ ဤပြဿနာသည် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများစွာတို့တွင် ကြောက်ခမန်းလိလိ ကျရောက်လျက်ရှိသော်လည်း ယနေ့အထိ လုံးဝကင်းစင် ပပျောက်သွားခြင်း မရှိကြောင်း အထင်အရှား တွေ့မြင်နေကြရဆဲဖြစ်သည်။

ထို့ကြောင့်ပင် ကမ္ဘာ့နိုင်ငံအသီးသီးသည် မူးယစ်ဆေးဝါးများ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ သုံးစွဲခြင်း၊ သိုလှောင်ခြင်းလုပ်ငန်းများကို ပြင်းထန်သော ဥပဒေများသတ်မှတ်ပြဋ္ဌာန်းကာ ဘက်ပေါင်းစုံမှ နှိမ်နင်းနေကြရသည်။ ဆိုခဲ့သည့်အတိုင်း မူးယစ်ဆေးဝါးပြဿနာပပျောက်ရေးကို တစ်နိုင်ငံတည်းကွက်၍ လုပ်ဆောင်နိုင်ရန်မဖြစ်နိုင်သဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းခဲ့ကြရသည်ကို တွေ့ရမည်။

မူးယစ်ထုံထိုင်းဆေးဝါးများ၏ ပင်ရင်းဇာစ်မြစ်မှာ ဘိန်းဖြစ်သည်။တရုတ်ပြည်တွင် မန်ချူးမင်းများလက်ထက် ဘိန်းစစ်ပွဲများ ဖြစ်ပွားလာရသည်အထိ ပြဿနာကြီးထွားခဲ့ဖူးသည်။ ထို့ကြောင့် ၁၉၀၉ခုနှစ်တွင် အရှေ့ဖျားနိုင်ငံများ ရေးရာကို စိတ်ဝင်စားသော နိုင်ငံပေါင်း ၁၃နိုင်ငံသည် တရုတ်ပြည် ရှန်ဟဲမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် 'ရှန်ဟဲဘိန်းရေးရာများ လေ့လာရေးကော်မရှင်' တစ်ရပ် ဖွဲ့စည်းခဲ့ကြသည်။ ထိုကော်မရှင်က ဘိန်းသုံးစွဲရခြင်း အကြောင်းရင်းများနှင့် အခြေခံအချက်အလက်များကိုလေ့လာသုံးသပ်အဖြေရှာခဲ့သည်ကို တွေ့ရသည်။ ၁၉၁၁ခုနှစ်တွင် ဟိတ်မြို့၌ကျင်းပခဲ့သော 'အပြည်ပြည်ဆိုင်ရာ ဘိန်းရေးရာလေ့လာရေးကွန်ဖရင့်' က အခြေခံစည်းမျဉ်း တစ်ရပ် ချမှတ်နိုင်ခဲ့သည်။ အဓိကအချက်မှာ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများထုတ်လုပ်ခြင်း၊ ရောင်းချခြင်းများကို အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် ဥပဒေတစ်ရပ်၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ထားရှိရေး ဖြစ်သည်။

ပထမကမ္ဘာစစ်ကြီးအပြီး ဖွဲ့စည်းခဲ့သော နိုင်ငံပေါင်းချုပ်အသင်းကြီး (League of Nations) ၏ အခြေခံစည်းမျဉ်းများအပိုဒ် ၂၃(ဂ)တွင် ဘိန်းနှင့် အခြား ဘေးဖြစ်စေတတ်သော ဆေးဝါးများရောင်းဝယ်မှုကို ကြီးကြပ်ရန်ပါရှိလာသည်။ ၁၉၂၅ခုနှစ် ဂျီနီဗာပဋိညာဉ်စာချုပ်တွင် နိုင်ငံတိုင်းသည် ဘိန်းစိမ်းနှင့် အခြားမူးယစ်ဆေးပင်များ စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့်မူးယစ်ဆေးဝါးတစ်မျိုးစီ၏ ထုတ်ကုန်သွင်းကုန် စာရင်းများအား အစီရင်ခံစာဇယားများ ထုတ်ပြန်ပေးရန် သဘောတူခဲ့ကြသည်။

ထို့နောက် နိုင်ငံပေါင်းချုပ်အသင်းကောင်စီ၏ စီမံခန့်ခွဲမှုဖြင့် အဖွဲ့ဝင်ရှစ်ဦးပါဝင်သော ဘိန်းထိန်းချုပ်ကွပ်ကဲမှု အမြဲတမ်းဗဟိုအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ၁၉၃၁ခုနှစ် ဇူလိုင်လ ၁၃ရက်နေ့တွင် ဂျီနီဗာမြို့၌ပင် နိုင်ငံတကာ သဘောတူညီချက်တစ်ရပ် ထပ်မံချုပ်ဆိုကြပြန်ကာ မူးယစ်ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီတစ်ရပ် ဖွဲ့စည်းကြသည်။ ၁၉၂၆ခုနှစ် ဂျီနီဗာစာချုပ်တွင်မူ နိုင်ငံတိုင်းမှ သက်ဆိုင်ရာအာဏာပိုင်များအနေဖြင့် တရားမဝင်ခိုးသွင်းလာသော မူးယစ်ဆေးဝါးရောင်းဝယ်သူများကို ပြင်းထန်စွာ အရေးယူအပြစ်ပေးရန် ပါရှိလာသည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီး ဖွဲ့စည်းခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (United Nations)၏ စီးပွားရေးနှင့် လူမှုရေးကောင်စီကလည်း မူးယစ်ဆေးဝါးများ လေ့လာရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပေးခဲ့သည်။ ၁၉၅၃ ခုနှစ် မေလမှ ဇွန်လအတွင်း ကုလသမဂ္ဂအဖွဲ့သည် နယူးယောက်မြို့တွင် ဘိန်းရေးရာလေ့လာရေး ကွန်ဖရင့်တစ်ရပ်ကျင်းပကာ ဘိန်းစိုက်ပျိုးရေးနှင့် ပတ်သက်၍ ကန့်သတ်ချက်များ ချမှတ်ခဲ့သည်ကို တွေ့ရသည်။ လွန်ခဲ့သည့် ၁၉၆၀ပြည့်နှစ်တစ်ဝိုက် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ အခြေအနေမှာ မူးယစ်ထုံထိုင်းဆေးဝါးသုံးစွဲမှု၊ ရောင်းချမှု၊ ထုတ်လုပ်မှု၊ သိုလှောင်မှုများအား ကန့်သတ်တားဆီးနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းလေးခုသည် ကုလသမဂ္ဂအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဆောင်ရွက်ကြကြောင်း တွေ့ရသည်။ အဆိုပါ အဖွဲ့အစည်းများမှာ-

- မူးယစ်ထုံထိုင်းဆေးဝါးများ လေ့လာရေးကော်မရှင်
- ဘိန်းထိန်းချုပ်ကွပ်ကဲမှု အမြဲတမ်းဗဟိုအဖွဲ့
- မူးယစ်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့်
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကျွမ်းကျင်သူများကော်မတီတို့ ဖြစ်ကြ၏။

မူးယစ်ဆေးစွဲနေသူများကို ကုသပေးရေးအတွက်လည်း ၁၉၄၈ခုနှစ် ဩဂုတ်လ ၃ရက်နေ့က ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီအစည်းအဝေး၌ အကြံပေးချက်တစ်ရပ် ခိုင်မာစွာချမှတ်ပေးခဲ့ကြောင်း တွေ့ရသည်။ "လူသားတစ်ဦးသည် မူးယစ်ဆေးဝါးတစ်မျိုး မဟုတ်တစ်မျိုး သုံးစွဲမိ၍ ဆေးစွဲကာ လူ့အဖွဲ့အစည်း၏ အပြင်သို့ရောက်ပြီး ပျက်စီးဆုံးရှုံးသွားမည့်အရေးမှ ကာကွယ်ရန် အထူးလိုအပ်သည်။ ထို့ကြောင့် သက်ဆိုင်ရာ နိုင်ငံအစိုးရများအနေဖြင့် ထိမိသောဆေးဝါးကုသမှုများကို ပြုလုပ်ပေးရန်လိုသည်။ ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးမှလည်း ကုသရေးလုပ်ငန်းများအတွက် လိုအပ်သောအကူအညီများ ပေးအပ်သွားမည်ဖြစ်သည်" ဟု အဆိုပါအကြံပြုချက်တွင် ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံသည်လည်း မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ငန်းစဉ်များတွင် ရှေးဦးမဆွကပင် ဆောင်ရွက်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ဘိန်းကို လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ စိုက်ပျိုးထုတ်လုပ်ခြင်းများနှင့်ပတ်သက်သည့် စည်းမျဉ်းများပါရှိသော ၁၈၇၈ အိန္ဒိယအက်ဥပဒေအမှတ်(၁) ဘိန်းအက်ဥပဒေသည် မြန်မာနိုင်ငံတွင် ၁၉၀၉ ခုနှစ် မြန်မာနိုင်ငံ အက်ဥပဒေအမှတ်(၇)အဖြစ် အတည်ဖြစ်လာကြောင်း တွေ့ရသည်။ ဘိန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းခဲ့သော ဥပဒေများကို လေ့လာလျှင် ဘိန်းအက်ဥပဒေ(Opium Act)၊ ဘေးဖြစ်စေတတ်သော ဆေးဝါးများ အက်ဥပဒေ(Dangerous Drug Act)၊ ၁၉၅၀ပြည့်နှစ် ဘိန်းခန်းနှိပ်ကွပ်ရေး အက်ဥပဒေ၊ ၁၉၅၅ခုနှစ် ဘိန်းရှူစားသုံးသူများ မှတ်ပုံမတင်မနေရ အက်ဥပဒေ၊ ၁၉၂၃ခုနှစ် ရှမ်းပြည်နယ်ဘိန်းအမိန့်၊ ၁၈၉၅ခုနှစ် ကချင် တောင်တန်းသားများ စည်းမျဉ်းဥပဒေပုဒ်မ ၃၀၊ ၁၈၉၆ခုနှစ် ချင်းတောင်တန်းသားများ စည်းမျဉ်း ဥပဒေပုဒ်မ ၃၃၊ ၁၉၄၈ခုနှစ် ချင်းဝိသေသတိုင်း အက်ဥပဒေပုဒ်မ ၃၆၊ ယစ်မျိုး အက်ဥပဒေပါ ဆေးခြောက်နှင့် စပ်ဆိုင်သမျှသော ပြဋ္ဌာန်းချက်များ၊ ၁၉၂၅ခုနှစ် ရှမ်းပြည်နယ် ယစ်မျိုးအမိန့်ပါ ဆေးခြောက်နှင့် စပ်ဆိုင်သမျှသော ပြဋ္ဌာန်းချက်တို့ကို တွေ့ရမည်ဖြစ်ပါသည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် မူးယစ်ဆေးဝါးပြဿနာကို အလေးထားဆောင်ရွက်ခဲ့ကြောင်း သိနိုင်သည်။ အထက်ဖော်ပြပါ ဥပဒေပြဋ္ဌာန်းချက်အားလုံးကို ၁၉၇၄ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများအက်ဥပဒေက လွှမ်းမိုးခဲ့ပြီးဖြစ်သည်။ ၁၉၇၄ခုနှစ် ဥပဒေသည် ယခင်ဥပဒေဟောင်းများနှင့် အာဏာသက်ရောက်ပုံချင်းလည်း ကွာခြားခဲ့သည်ကို တွေ့ရသည်။ ယခင် ဘိန်းဥပဒေများတွင် ဘိန်းပိုင်ရှင်မှတစ်ပါး ကျန်သည့်ကျူးလွန်သူများအပေါ် အနည်းဆုံး ထောင်ဒဏ်မည်မျှ ချမှတ်ရမည်ဆိုသည့် သတ်မှတ်ချက်မပါဘဲ ဘိန်းပိုင်ရှင် အစစ်အမှန်ဖြစ်ကြောင်းပေါ်ပေါက်ခဲ့ပါက ထောင်ဒဏ်တစ်နှစ်အောက် မလျော့စေရဟု ဆိုထားသည်။ ၁၉၇၄ ခုနှစ် မူးယစ်ဆေးဝါးဥပဒေအရ ဘိန်းမှုနှင့် ဆေးခြောက်မှုများအတွက် အနည်းဆုံးထောင်ဒဏ်ငါးနှစ်မှ သေဒဏ်အထိ ချမှတ်နိုင်ကြောင်း ပါဝင်လာသည်။

အထက်ဖော်ပြပါ အချက်အလက်အားလုံးကို ကြည့်ပါက မူးယစ်ဆေးဝါးသည် လူသားမျိုးနွယ်တစ်ရပ်လုံးအတွက် ဖော်မပြနိုင်လောက်သည့် ဆိုးကျိုးများပေးကြောင်း၊ ဆေးစွဲသူတစ်ဦးအနေဖြင့် လူမှုရေး၊ စီးပွားရေးဘဝများ လုံးဝဆုံးရှုံးရုံသာမက နိုင်ငံအတွက်လည်း များစွာနစ်နာကြောင်း၊ သေဒဏ်ချမှတ်နိုင်သည်အထိ ဥပဒေများ ပြဋ္ဌာန်းရခြင်းမှာ မူးယစ်အန္တရာယ်ကို အစွမ်းကုန်ကာကွယ်ရန်နှင့် နှိမ်နင်းရန်အတွက်ဖြစ်ကြောင်း ထင်ရှားလှပါသည်။ နိုင်ငံ၏ အနာဂတ်အင်အားစုများဖြစ်သော လူငယ်အများအပြား မူးယစ်ဆေးဝါးနွံထဲမှ ရုန်းမထွက်နိုင်ပါက အဆိုပါနိုင်ငံ၏ရှေ့ရေးသည် ရင်လေးစရာနှင့်သာ ကြုံရမည်မှာ သေချာပါသည်။

မူးယစ်ဆေးဝါး စွဲလမ်းမှုသည် ရောဂါဝေဒနာများ သက်သာစေရန် စားသုံးရာမှလည်းကောင်း၊ ကိုင်တွယ်ခွင့်ရသူများသည် နီးစပ်မှုဖြင့် အသုံးပြုမိရာမှလည်းကောင်း၊ လူငယ်များအနေဖြင့်အရသာကို စမ်းသပ်ခံစားကြည့်ရာမှလည်းကောင်း စွဲလမ်းမှုပေါ်ပေါက်လာရသည်။ စွဲလာရာမှ ငွေရှာလာကြသည်။ နောက်ဆုံး ငွေမရရအောင် ရှာလာကြရာတွင် ရာဇဝတ်ပြစ်မှုများ ကျူးလွန်လာကြရခြင်း ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံသည် အာဆီယံမှရည်မှန်းသတ်မှတ်ပေးထားသည့် နေ့ရက်ထက် တစ်နှစ်စော၍ ၂၀၁၄ခုနှစ်တွင် မူးယစ်ဆေးဝါးကင်းစင်ပပျောက်စေရန် ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ တစ်မျိုးသားလုံး အညွန့်တုံးစေမည့်အပြင် သက်တမ်းစေ့မဟုတ်ဘဲ ငယ်ငယ်ရွယ်ရွယ်နှင့် သေမင်းကို လက်ကမ်းကြိုခြင်းမျိုးကို အရွယ်မရွေး ရှောင်ရှားကြရန်နှင့် မူးယစ်ဆေးဝါးပြဿနာကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

တစ်မျိုးသားလုံး အညွန့်တုံးစေမည့်အပြင် သက်တမ်းစေ့ မဟုတ်ဘဲ ငယ်ငယ်ရွယ်ရွယ်နှင့် သေမင်းကို လက်ကမ်းကြိုခြင်း မျိုးကို အရွယ်မရွေး ရှောင်ရှားကြရန်နှင့် မူးယစ်ဆေးဝါးပြဿနာကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်ကြ။

အနာဂတ်ပန်းချီ

* မူးယစ်အန္တရာယ်
အသွယ်သွယ်ကို၊ နားလည်သိမြင်
တွေး၊ဆင်ခြင်၍၊ အမြင်ပြတ်သား
စုပေါင်းအားဖြင့်
နီးကြားတိုက်ဖျက်၊ လက်ချင်းဆက်။

* မူးယစ်ဆေးဝါး
လွဲသုံးစားက၊ အများဒုက္ခ
ကြုံတွေ့ရမည်၊ သောကဖိစီး
ဒုက္ခမီးက၊ လောင်ပြီးသော်မှ
ငြိမ်းမရနိုင်၊ သက်ဆုံးတိုင်…။

* မူးယစ်ဘေးသည်
တိုင်းပြည်လူမျိုး၊ ဘယ်လူမျိုးမှ
ကောင်းကျိုးမပေး၊ ဆိုးကျိုးပေးသည်
ဝေးဝေးရှောင်ခွာ…ဆန့်ကျင်ပါ။

* မူးယစ်ဆေးကား
လူသားရန်စွယ်၊ အန္တရာယ်တည့်
မျိုးနွယ်ညွန့်တုံး၊ ဘဝရှုံးမို့
ဒို့…တိုက်ဖျက်မည်…။

* ဘယ်သူကူညီ…မကူညီစေ
ဒို့ပြည်ထောင်စု၊ သာယာမှုကို
ပေါင်းစုအားသစ်၊ အောင်ပွဲဖြစ်မည်
မူးယစ်ကင်းစင်၊ အလှမင်၍
ကြည်လင်ဂုဏ်ဒြပ်၊ ဘဝမြတ်မည်
တိုင်းပြည်လူမျိုး၊ ကောင်းကျိုးဆင့်ဆင့်
တိုး၍မြင့်လျက်၊ တင့်တယ်နီးကြား
မြန်ပြည်သား၏၊ ကြိုးစားစွမ်းအင်
သင်တွေ့မြင်မည်
၂၀၁၄…ပန်းချီ…ပုံရိပ်တည်း။ ။

ခြိမ့်နိုင်

နေပြည်တော် မြန်မာ့အသံ

(သောကြာနေ့-နံနက်+နေ့လယ်+ည)
(၂၆-၆-၂၀၀၉)

၀၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
နိုင်ငံတော်သီချင်း+ကြေညာချက်
၀၇:၀၅ တရားတော်
(မေတ္တသုတ်+ခန္ဓသုတ်)
ဓမ္မပူဇာတေးပဒေသာ
၀၇:၃၅ (၃၈)ဖြာမင်္ဂလာ
နံနက်ခင်းတေးပဒေသာ
၀၈:၀၀ စံတော်ချိန် + သတင်း
ဆောင်းပါး
၀၈:၁၀ နံနက်ခင်းတေးပဒေသာ
၀၈:၃၀ ပြောပါရစေရှင် (ပြုံးနိုင်ကြတုန်းမှာ ပြုံးထားလိုက်ကြပါ)
၀၈:၃၅ တေးပဒေသာ
၀၉:၀၀ အစီအစဉ်ပြီး၏။

၁၀:၀၀ သောတရှင်လိုရာတေး
၁၀:၃၀ သတင်းစာအာဘော်
၁၀:၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ လေလှိုင်းကြားက ပွဲတင်သံ
၁၁:၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂:၀၀ စံတော်ချိန်
အလုပ်အကိုင်အခွင့်အလမ်း
(နိုင်ငံခြားကုန်သွယ်မှုဘဏ်)
နေ့လယ်ခင်းတေးပဒေသာ
၁၂:၃၀ သိမှတ်စရာ မြန်မာစကား
မြန်မာစာ (မြန်မာစကားစနစ်နှင့်မကိုက်ညီသောသူမ)
၁၂:၄၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။

၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး
၁၆:၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇:၀၀ တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ တေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
နိုင်ငံရေးဦးတည်ချက်
၁၈:၄၅ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ ညချမ်းချိန်ခါတေးပဒေသာ
၁၉:၂၅ ဇာတ်လမ်းပမာနားဆင်စရာ
(အသက်ထက်ပို၍)
၁၉:၄၅ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ
(ခင်သီတာထွန်း)
စီးပွားရေးဦးတည်ချက်
တေးပဒေသာ
၂၁:၀၀ ဆောင်းပါး
(အောင်မြင်ခြင်း၏ သော့ချက်များ)
ခံစားနားဆင်မြန်မာတေးသံစဉ်
လူမှုရေးဦးတည်ချက်
ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

ရေးမြို့နယ်အသင်း စုပေါင်းအလှူပွဲ

ရန်ကုန် ဇွန် ၂၄

ရေးမြို့နယ်အသင်း(ရန်ကုန်)၏ အဌမအကြိမ်မြောက် စုပေါင်းအလှူပွဲကို ဇူလိုင် ၆ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် သာကေတမြို့နယ် နေလကမ္ဘာ သာသနာ့ဗိမာန်ကျောင်း၌ ကျင်းပမည်ဖြစ်ရာ ရေးမြို့နယ်သူ မြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဖွယ်ပစ္စည်းများအား ဦးမြင့်ဆွေ ဖုန်း-၅၈၀၄၉၅၊ ဦးစံလွင် ဖုန်း-၂၄၄၇၈၃၊ ဦးဖေအောင် ဖုန်း-၅၇၀၀၆၂၊ ဦးဝင်းတင် ဖုန်း-၅၇၂၅၄၂၊ ဦးသက်ဝေ ဖုန်း-၅၄၈၃၇၅၊ ဒေါ်ခင်စောမြင့် ဖုန်း-၅၀၁၅၁၇နှင့် ဒေါ်မိမိဆန်း ဖုန်း- ၀၉-၅၀-၄၂၂၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံပိုင်

MV Dumangang ကုန်တင်သင်္ဘော ဆန်များသယ်ဆောင်ရန် အိန္ဒိယသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ရောက်ရန်ရှိ

နေပြည်တော် ဇွန် ၂၄

ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံပိုင် MV Dumangang ကုန်တင်သင်္ဘောသည် မြန်မာနိုင်ငံတွင် ဆန်တန်ချိန် ၈၀၀၀ ခန့် သယ်ဆောင်ရန်အတွက် အိန္ဒိယသမ္မတနိုင်ငံ ကိုလ်ကတ္တားမြို့မှ မြန်မာနိုင်ငံသို့ ဇွန် ၂၇ ရက်ဝန်းကျင်ခန့်တွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ဦးတည်ခုတ်မောင်း

သို့သော် ယခုရက်ပိုင်းအတွင်း ပြည်ပသတင်းဌာနများက ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံပိုင် Kang Nam ကုန်တင်သင်္ဘောသည် ဇွန် ၁၇ ရက်တွင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ မင်ပိုဆိပ်ကမ်းမှ မြန်မာနိုင်ငံသို့ ဦးတည်ခုတ်မောင်းလျက်ရှိကြောင်း သတင်းများထုတ်လွှင့်လျက်ရှိသည်။

ထုတ်လွှင့်လျက်ရှိ

ပြည်ပသတင်းဌာနများက ထုတ်လွှင့်လျက်ရှိသည့် Kang Nam ကုန်တင်သင်္ဘောနှင့် ပတ်သက်၍ သက်ဆိုင်ရာမှ သတင်းတစ်စုံတစ်ရာရရှိခြင်းမရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

နေပြည်တော် ဇွန် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ဗိုလ်ချုပ် အာနု ကူမား ချက်ခ်မာအား ခန့်အပ်ရန်အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီလိုက်ပြီး ဖြစ်သည်။

ဗိုလ်ချုပ် အာနု ကူမား ချက်ခ်မာသည် ၁၉၅၆ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် မွေးဖွားခဲ့သည်။ ဘင်္ဂလားဒေ့ရှ်တပ်မတော်တွင် ၁၉၇၇ ခုနှစ်မှစတင်၍ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် အမျိုးသားတက္ကသိုလ်မှ ကာကွယ်ရေးဆိုင်ရာ လေ့လာမှုမဟာဘွဲ့ကို ပထမအဆင့်မှ အောင်မြင်ခဲ့သည်။ ကုလသမဂ္ဂ ဂျော်ဂျီယာဆိုင်ရာ ငြိမ်းချမ်းရေးတပ်ဖွဲ့တွင် ၁၉၉၇ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ပါဝင်ခဲ့သည်။ လက်ရှိတွင် စစ်လက်နက်ပစ္စည်း တပ်မှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၄င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သမီးတစ်ဦး၊ သားတစ်ဦးရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၅-၆-၂၀၀၉ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၅ ၆။ အကပဒေသာ
- ၈:၁၅ ၇။ **အိုးပိုင်အိမ်ပိုင်** ငှက်ပျောကြော်၊ အောင်လွင်၊ ရန်ပိုင်စိုး၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-အောင်ဇော်)
- ၈:၃၀ ၈။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
- ၄:၂၀ ၃။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၄:၃၀ ၄။ ငါးရစ်မျိုးငါး တို့မစား
- ၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (စီးပွားရေးပညာ အိမ်တွင်းစီးပွား အထူးပြုများ) (စီးပွားရေးပညာ)
- ၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ အရေးပြိုင်ပွဲ
- ၅:၁၀ ၈။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
- ၅:၂၀ ၉။ တေးဂီတအစီအစဉ်
- ၅:၂၅ ၁၀။ ထူးချွန်အားထား မြန်မာအမျိုးသမီးများ(အပိုင်း-၂)
- ၅:၄၀ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၄။ ပျော်ရွှင်စေသောနေ့ရက်များ **သီချင်းဟဲနည်း** စိုးရန်အောင်၊ သူရဝင်း၊ ချစ်စု၊ ငွေစန္ဒာ (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆:၅၀ ၁၅။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
- ၇:၁၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာရင်ခွင် (အပိုင်း-၂၁)**
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ (အပိုင်း-၃၄)**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး

အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် လမ်းလျှောက်ပွဲ ဝင်ရောက်ဆင်နွှဲ

နေပြည်တော် ဇွန် ၂၄

၂၀၀၉ ခုနှစ် ဇွန် ၂၃ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် လူထုလမ်းလျှောက်ပွဲ အခမ်းအနားကို ယနေ့နံနက် ၆နာရီက နေပြည်တော် မြို့မဈေးရှေ့စုရပ်တွင်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ပါဝင်ဆင်နွှဲ လမ်းလျှောက်သည်။

တပျော်တပါး

လမ်းလျှောက်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် အားကစားနှင့် ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ မြန်မာနိုင်ငံ ခြေလျင်တောင်တက် အဖွဲ့ချုပ်မှ အသင်းဝင်များ စုစုပေါင်းအင်အား ၁၅၀၀ ကျော် တပျော်တပါး တက်ရောက်ဆင်နွှဲ လမ်းလျှောက်ကြသည်။ **(အပေါ်ပုံ)**

ပန်းဝင်

ရှေးဦးစွာ လမ်းလျှောက်ပွဲဆင်နွှဲမည့် ဝန်ကြီးဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းနှင့် မိသားစုဝင်များသည် မြို့မဈေးရှေ့စုရပ်၌ နေရာယူကြပြီး နံနက် ၆နာရီတွင် သေနတ်ပစ်ဖောက် စတင်တာလွှတ်၍ တောင်ညို-ပျဉ်းမနား လမ်းအတိုင်း သပြေကုန်းအဝိုင်း၊ ၄င်းမှ နေပြည်တော် ကျောက်မျက်ရတနာ ပြတိုက်ရှေ့တွင် ပန်းဝင်ကြရာ အားကစားဝန်ကြီးဌာနနှင့် အလှူရှင်များက လမ်းလျှောက်ပွဲဆင်နွှဲသူများကို အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် T.shirt အင်္ကျီများပေးအပ်ပြီး စားသောက်ဖွယ်ရာများနှင့် ရေသန့်၊ အချိုရည်ဘူးများ ဧည့်ခံတိုက်ကျွေးခဲ့သည်။

အလားတူပင် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီးတို့သည်လည်း နိုင်ငံတစ်ဝန်းလုံးရှိ မြို့အသီးသီးတွင် အိုလံပစ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(အား/ကာ)

မူးယစ်ဆေးဝါးအန္တရာယ်ဟောပြောပွဲ အထက(၁)ဒဂုံတွင် ကျင်းပ

ရန်ကုန် ဇွန် ၂၄

အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒဂုံမြို့နယ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုလှုပ်ရှားမှုအဖြစ် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာဟောပြောပွဲကို အဆိုပါကျောင်းရှိ ဒဂုံသီရိခန်းမ၌ ဇွန် ၂၂ရက် နံနက် ၉နာရီက ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးလုပ်ငန်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(ဖွံ့ဖြိုး) ဦးစိန်မြင့်၊ မြန်မာနိုင်ငံပညာရေးသုတေသန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကြည်၊ ဦးစီးမှူး ဒေါ်စီစီသိန်း၊ ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်ကိုကိုနှင့် ဆရာဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးလုပ်ငန်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ဖွံ့ဖြိုး) ဦးစိန်မြင့် **(အောက်ပုံ)** က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများကို Projector ဖြင့် သရုပ်ပြဟောပြောသည်။

(ပညာရေး)

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)စည်းဝေးမည်

ရန်ကုန် ဇွန် ၂၄

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)၏ အကြိမ်(၃၀)မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်မှ ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသူများအား ချီးကျူးဂုဏ်ပြုပွဲနှင့် စုပေါင်းအလှူဒါနပြုပွဲကို ဇူလိုင် ၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် လမ်းမတော်မြို့နယ် သရက်တောတိုက် စိတ္တသုခကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ရေကြည်မြို့နယ် အသင်းသား၊ အသင်းသူနှင့် မြို့နယ်သား၊ မြို့နယ်သူများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းပါဝင်လှူဒါန်းလိုသူများ၊ (၇၅)နှစ်အထက် အသင်းဝင်သက်ကြီးစာရင်းနှင့် ၂၀၀၈-၂၀၀၉ခုနှစ် ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်း ဂုဏ်ထူးရ အသင်းဝင်၏သားသမီးများ အမည်စာရင်းများကို လိုအပ်သောအထောက်အထား အမှတ်စာရင်းနှင့်အတူ ဒုတိယဥက္ကဋ္ဌဦးမောင်မောင်အေး ဖုန်း- ၅၅၉၅၃၆၊ အတွင်းရေးမှူး ဦးလှဝင်း ဖုန်း-၂၁၁၀၁၀၊ ၀၉-၅၁-၈၉၄၅၈၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးနိုင်ဝင်း ဖုန်း-၀၉-၅၀-၆၂၆၆၆နှင့် ဘဏ္ဍာရေးမှူး ဦးကြည်ဝင်း ဖုန်း-၀၉-၅၁-၈၀၁၉၃ တို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)



မုတ်သုံလေအားကောင်းမည်

ရန်ကုန် ဇွန် ၂၄

ယနေ့နံနက်၉နာရီခွဲအထိမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး၊ မန္တလေးတိုင်းတွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၁၁လက်မ၊ မော်လမြိုင်မြို့တွင် ၂ ဒသမ ၃၆လက်မ၊ ဖျာပုံမြို့တွင် ၁ ဒသမ ၈၅ လက်မနှင့် ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၇၇လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

ဇွန် ၂၅ရက်ညနေအထိ ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ထပ်ဆင့်ရှင်းလင်းပွဲ နမ့်ခမ်း၌ ကျင်းပ

နမ့်ခမ်း ဇွန် ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထပ်ဆင့်ရှင်းလင်းပွဲကို ဇွန် ၅ ရက် နံနက် ၁၀ နာရီက ကျားဖြူခန်းမ၌ ပြုလုပ်ရာ ခရိုင်ဥက္ကဋ္ဌ ဦးထွန်းမင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးမြတ်မင်းထွေးက ခေတ်မီနည်းစနစ်ဖြင့် လက်ဖက်စိုက်ပျိုး ထုတ်လုပ်ခြင်းအကြောင်း ဆွေးနွေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မူဆယ်ခရိုင် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအိုက်ဒါန်းဝင်းက လက်ဖက်ထုတ်လုပ်ရောင်းချမှုနှင့် ပတ်သက်၍ အတွေ့အကြုံတို့ကို လည်းကောင်း၊ လက်ဖက်စိုက်တောင်သူ ဦးလှအောင်က လက်ဖက်စိုက်ပျိုးမှုနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးထွန်းမင်းဇော်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်လွင်တို့က ရှင်းလင်းဆွေးနွေး တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

ဇွန် ၁၈ ရက်က အိန္ဒိယသမ္မတနိုင်ငံ The Printer House ကုမ္ပဏီ၏ Web Offset များ ပညာသင်လေ့လာရေးခရီး အစီအစဉ်အရ သွားရောက်လေ့လာကြမည့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မန်နေဂျာ (ပုံနှိပ်) ဦးရန်မျိုးအောင် ဦးဆောင်သည့် လေ့လာရေးအဖွဲ့ဝင်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီတွေ့ရစဉ်။ (သတင်းစဉ်)

ထန်တလန်၌ မြို့တွင်းရေနုတ်မြောင်းပြုပြင်

ဟားခါး ဇွန် ၂၄

ထန်တလန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ရပ်ကွက်နေ ပြည်သူများပူးပေါင်း၍ မြို့တွင်းရေနုတ်မြောင်းပြုပြင်သန့်ရှင်းရေးဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဇွန်၁၇ရက်က ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးမျိုးအောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးချာနီတမ်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ကြသည်။ (ပြည်နယ် ပြန်/ဆက်)

ရေထိန်းရေိယာများ ကွင်းဆင်းစစ်ဆေး

ဟားခါး ဇွန် ၂၄

ဟားခါးမြို့ မြို့တွင်းသောက်သုံးရေထွက်ပင်ရင်းဖြစ်သည့် ရေထိန်းဧရိယာ ထိန်းသိမ်းပြုစုမှုများကို ဇွန်၂၁ရက်က ဟားခါးမြို့နယ် စည်ပင်သာယာရေး အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့်အတူ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးကျော်ကျော်တို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

● *ကျောဖုံးမှ*

ကျန်းမာရေး

"နောင်ချိုမြို့ရဲ့ ကျန်းမာရေးကဏ္ဍနဲ့ ပတ်သက်ပြီး တိုးတက်ပြောင်းလဲမှုများကို ပြောရမယ်ဆိုရင် အရင်တုန်းက ဒီမြို့နယ်မှာ ဆေးရုံနှစ်ရုံပဲရှိတာ။ အခုလေးရုံအထိ ရှိလာပြီ။ ဒေသမှာရှိတဲ့ ပြည်သူတွေအတွက် ကျန်းမာရေး စောင့်ရှောက်မှု အခွင့်အလမ်း ပိုတိုးလာတာပေါ့"ဟု မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်က ဆက်လက်ရှင်းပြသည်။

ပညာရေး

"အလားတူ ပညာရေးကဏ္ဍမှာ ဆိုရင်လည်း ၁၉၈၈ ခုနှစ်မတိုင်မီ အထက်တန်းကျောင်းတစ်ကျောင်း၊ အလယ်တန်းကျောင်း ရှစ်ကျောင်းနဲ့ မူလတန်းကျောင်း ၁၅၄ ကျောင်းရှိခဲ့ပါတယ်။ ယနေ့အချိန်အခါမှာတော့ အထက်တန်းကျောင်းက သုံးကျောင်း၊ အလယ်တန်း ခုနစ်ကျောင်း၊ မူလတန်း ၁၅၆ ကျောင်းအထိရှိလာပါတယ်။ ဒီလိုကျောင်းတွေ တိုးချဲ့ဖွင့်လှစ်လာနိုင်တာနဲ့အမျှ ဒေသနေကလေးတွေရဲ့ ပညာသင်ယူခွင့် တိုးလာပါတယ်" ဟု ၎င်းက ရှင်းပြသည်။

"နောင်ချိုမြို့ကို ကဏ္ဍစုံ ဖွံ့ဖြိုးလာဖို့ ဘက်စုံထောင့်စုံက ကြိုးစားဆောင်ရွက်နေပါတယ်"

ဦးအောင်ကျော်
နောင်ချိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ။

ဆက်သွယ်ရေး

နောင်ချိုမြို့၏ ဆက်သွယ်ရေးကဏ္ဍကို လေ့လာကြည့်လျှင် ယခင်က လက်လှည့်အိတ်ချိန်းဖုန်းသာ အသုံးပြုနိုင်ခဲ့ရာမှ ပြီးခဲ့သည့် မတ်လမှစပြီး ဒစ်ဂျစ်တယ်အိတ်ချိန်းဖုန်းအသုံးပြုနိုင်ခဲ့သည်။ ယခုအခါ အော်တိုတယ်လီဖုန်း အလုံး ၄၈၀အထိ သုံးစွဲနိုင်ပြီဖြစ်သဖြင့် ဆက်သွယ်ရေးကဏ္ဍ လွယ်ကူချောမွေ့လာခဲ့ပေပြီ။

လမ်းပန်းခရီး

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင်လည်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ ဂဝံလမ်းနှင့် မြေသားလမ်းများကို ပြုပြင်ပေးခြင်းနှင့် အသစ်ဖောက်လုပ်ပေးမှုများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်းသိရသည်။ မြို့တွင်းလမ်းများသာမက ကျေးလက်လမ်းများလည်း ယခင်နှင့်မတူ တိုးတက်ပြောင်းလဲလာခဲ့သည်။

ရုပ်မြင်သံကြား

ထို့အပြင် နောင်ချိုမြို့၏ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို ၁၉၉၇ ခုနှစ် ဇူလိုင်လတွင် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည်။ ယင်းရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ ၂၀၀၈ခုနှစ် ဒီဇင်ဘာလတွင် မြဝတီရုပ်မြင်သံကြား ထုတ်လွှင့်မှုကိုလည်း ပူးတွဲဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တိုးတက်မြင့်မား

သို့ဖြစ်ရာ နောင်ချိုမြို့နယ်၏ ဒေသန္တရ ဖွံ့ဖြိုးတိုးတက်မှုများသည် ယခင်နှင့်မတူ တိုးတက် ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ ဒေသနေပြည်သူများအနေဖြင့် တိုးတက်ပြောင်းလဲလာသော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး စသောကဏ္ဍများအပေါ် အခြေခံလျက် လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာဦးမည်မှာအမှန်ပင်ဖြစ်ပါကြောင်း ကွင်းဆင်းစေ့ငုတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

နောင်ချိုမြို့ ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းရုံး အဆောက်အအုံကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ဒေသနေပြည်သူများ အနေဖြင့် တိုးတက် ပြောင်းလဲလာသော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး စသော ကဏ္ဍများအပေါ် အခြေခံလျက် လူမှုစီးပွားဘဝ တိုးတက် မြင့်မားလာဦးမည်မှာ အမှန်ပင်ဖြစ်။

ရန်ကုန် ဇွန် ၂၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် ဇွန်၂၂ရက်တွင် ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ရန်ကုန်တိုင်း နယ်နိမိတ်၏ မိုင်တိုင်အမှတ်(၁၂/၃)သို့ ရောက်ရှိရာ မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မိုးရာသီအတွင်း လမ်းပျက်စီးမှုလျော့နည်းစေရန် လမ်းဘေးဝဲ/ယာတို့၌ ရေမြောင်းတူးခြင်း၊ မိုးရာသီ အရိပ်ရပင်နှင့် လေကာနေကာ သစ်ပင်စိုက်ပျိုးခြင်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

မှော်ဘီ-တိုက်ကြီးမြို့နယ် ခရိုင်ချင်းဆက်လမ်း အမှတ်(၁)

ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် ကြည့်ရှုစစ်ဆေး

ရှင်းလင်းတင်ပြ

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ခရိုင်ချင်းဆက်လမ်းတစ်လျှောက်ကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၂၁/၃)ယာယီ ရှင်းလင်းဆောင်သို့ရောက်ရှိပြီး ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်က မိုးရာသီအတွင်း လမ်းပြင်ဆင်ထိန်းသိမ်းထားရှိမှုနှင့် နှစ်စဉ် လမ်းပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဇော်မျိုးအောင်က တံတားများနှင့် ရေပြွန်များပြုပြင်ထိန်းသိမ်းမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက်ညွှန်ကြားရေးမှူးချုပ်သည် တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မိုးရာသီအတွင်း လမ်းပျက်စီးမှု လျော့နည်းစေရန် လမ်းဘေးဝဲ/ယာတို့၌ ရေမြောင်းတူးခြင်းကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၄၅/၁)ရှိ အရှည်၂၂၅ပေ၊ အကျယ်၁၄ပေရှိ ဥက္ကံချောင်းကူး သစ်သားတံတားကြံ့ခိုင်မှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ခရိုင်ချင်းဆက်လမ်းတစ်လျှောက်ကို ကြည့်ရှုစစ်ဆေးပြီး မီးနင်းချောင်း၌ ရန်ကုန်တိုင်း အပိုင်း လမ်းတစ်လျှောက်တွင် မိုးရာသီအတွင်း လမ်းများမပျက်စီးစေရန် တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ရန်ကုန်တိုင်းအပိုင်းတွင် စုစုပေါင်းလမ်းအရှည်၅၂မိုင်၆ဖာလုံရှိပြီး ကွန်ကရစ်လမ်း ၁မိုင်၊ ကတ္တရာလမ်း၇မိုင် ၄ဖာလုံ၊ ဂဝံလမ်း ၄မိုင်၂ဖာလုံနှင့် ကျောက်ချောလမ်း မိုင် ၄၀ရှိရာ မိုးရာသီအတွင်း ပြည်သူလူထု သွားလာနိုင်ရေးအတွက် ပျက်စီးသွားသော လမ်းပိုင်းများကို ကျေးရွာလူထုနှင့်ပေါင်းစပ် ညှိနှိုင်းပြီး အမြဲစောင့်ကြည့်၍ ပြုပြင်ထိန်းသိမ်းလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

သစ်ပင်စိုက်ပျိုးပွဲတော် မိုင်းဆတ်တွင် ကျင်းပ

မိုင်းဆတ် ဇွန် ၂၄

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ဇွန်၆ရက် နံနက်ပိုင်းတွင် မိုင်းဆတ်မြို့ မယ်ဆွမ်တောင်ရပ်ကွက်ရှိ မြေကွက်လပ်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးသန်းထွန်းဦးက တက်ရောက်လာသူများအား ပျိုးပင်များပေးအပ်ပြီး အမှတ်တရ သစ်ပင်စိုက်ပျိုးပေးသည်။ ဆက်လက်၍ မိုင်းဆတ်မြို့နယ် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးဦးဝင်းဗိုလ်က သစ်ပင်စိုက်ပွဲတော် ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဗိုလ်မှူးကြီး သန်းထွန်းဦးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

စိုက်ပျိုး

အဆိုပါ အခမ်းအနားတွင် ကျွန်း၊ ယူကလစ်အပါအဝင် အခြားအရိပ်ရပျိုးပင် ၆၀၀ကျော် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဇယားထိပ်ပိုင်းမှ မကွေးနှင့် ရတနာပုံတို့ ဆုံတွေ့ကြမည့်

ဗိုလ်လုပွဲတက်ခွင့်အတွက် အဆုံးအဖြတ်ပွဲကြီးပွဲကောင်း

မြန်မာလိဂ်လေ့လာသူတစ်ဦး — စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

MNL CUP GRAND ROYAL 2009

ရန်ကုန် ဇွန် ၂၄

မထင်မှတ်သည့် ပွဲရလဒ်များဖြင့် ပရိသတ်အား ဆွဲဆောင်မှုအားကောင်းလျက်ရှိသော MNL CUP Grand Royal 2009 ဘောလုံးပြိုင်ပွဲမှာ လက်ကျန်ပွဲစဉ် သိပ်မရှိတော့သည့် အချိန်၌ပင် မည်သည့်အသင်းများ ဗိုလ်လုပွဲတက်မည်ကို အတိအကျ အဖြေမထုတ်နိုင်သေးသည်အထိ အကြိတ်အနယ် ရှိနေသည်။ ယနေ့ညနေ ၄နာရီ ဆိုပါလျှင် ဗိုလ်လုပွဲတက်နိုင်သည့် မျှော်လင့်ချက် ကိုယ်စီရှိနေသော နာမည်ကြီး အသင်းနှစ်သင်း ထိပ်တိုက်တွေ့မည့် ပွဲကြီး ပွဲကောင်းကို သုဝဏ္ဏကွင်းကြီး၌ ကြည့်ရှုခံစားခွင့် ရကြတော့မည်ဖြစ်သည်။

ဗိုလ်လုပွဲမျှော်လင့်ချက်

အဆိုပါ ပွဲစဉ်မှာ နှစ်သင်းစလုံးအတွက် ခက်ခဲနိုင်သလို ဗိုလ်လုပွဲတက်ခွင့် အတွက်လည်း အလွန်အရေးကြီးသော ပွဲစဉ်ဖြစ်၍ အကြိတ်အနယ်ရှိမည်မှာ သေချာလှသည်။ လက်ရှိအမှတ်ပေး အနေအထားအရ မကွေးအသင်းမှာ ငါးပွဲကစားပြီးချိန်တွင် လေးပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရှုံးပွဲမရှိ ဇယားထိပ်ဆုံးတွင် ရပ်တည်နေသည်။ ယခုပွဲအပါအဝင် လက်ကျန်ပွဲစဉ် နှစ်ပွဲကစားရန် ရှိနေသေးသည့်အတွက် ဗိုလ်လုပွဲတက်ရန် အခွင့်အရေးအရှိဆုံးဟု ဆိုရပါမည်။ရတနာပုံ အသင်းမှာလည်း မကွေးကဲ့သို့ပင် ရှုံးပွဲမရှိသေးဘဲ သုံးပွဲနိုင်၊ နှစ်ပွဲသရေဖြင့် အဆင့်(၃) နေရာတွင် ရပ်တည်နေသောကြောင့် ယခုပွဲအပါအဝင် လက်ကျန် နှစ်ပွဲစလုံးအား အနိုင်ရအောင် ကစားနိုင်လျှင် ဗိုလ်လုပွဲတက်မည်ဖြစ်သည်။

မျှော်လင့်ချက်

သို့သော် ဗိုလ်လုပွဲတက်ခွင့်အတွက် ၎င်းတို့ နှစ်သင်းနှင့်အတူ ရန်ကုန်ယူနိုက်တက်နှင့် ကမ္ဘောဇအသင်းများမှာလည်း အခွင့်အရေး ကိုယ်စီရှိနေသေးပြီး အထူးသဖြင့် ရန်ကုန်အသင်းက ရတနာပုံကို သရေ၊ ကမ္ဘောဇကို အနိုင်ကစားပြ နိုင်ခဲ့သောကြောင့် လက်ကျန်ပွဲစဉ် အနေအထားနှင့် ပြိုင်ဘက် ခြေစွမ်းများအရဆိုလျှင် ရန်ကုန်အသင်းက ကျန်သုံးသင်းထက် ဗိုလ်လုပွဲတက်ရန် မျှော်လင့်ချက် ပိုကောင်းနေသည်။ ထို့ကြောင့် ယခုပွဲစဉ်မှာ မကွေးအတွက်ရော ရတနာပုံအတွက်ပါ ဗိုလ်လုပွဲမျှော်လင့်ချက်အတွက် လုံးဝအမှားမခံသော ပွဲဖြစ်နေရာ ရေကုန်ရေခန်း ကစားကြမည်မှာ သေချာလှသည်။

ခြေစွမ်းချင်းမကွာ

နှစ်သင်းစလုံးမှာ ပြိုင်ပွဲမစတင်မီက နာမည်ကြီး ထိပ်တန်းကစားသမားများကို စျေးကြီးပေးခေါ်ယူကာ အသင်းအင်အားကို တောင့်တင်းအောင် ဖွဲ့စည်းထားကြသည့် အသင်းများဖြစ်သည်။ ရတနာပုံအသင်းဆိုပါလျှင် ပြည်တွင်းထိပ်တန်း ကစားသမားများအပြင် ကစားအားကောင်းပြီး ခြေစွမ်းမနိမ့်လှသော အာဖရိကကစားသမား ငါးဦးကို ခေါ်ထားသည့်အပြင် ဘယ်လ်ဂျီယံ နည်းစနစ် ဒါရိုက်တာနှင့် ပြင်သစ်နည်းပြတို့ကိုပါ ငွေကုန်ကြေးကျများစွာဖြင့် ခေါ်ယူအားဖြည့်ထားသည်။

တည်ငြိမ်

လက်ရှိခြေစွမ်းအရ မကွေးအသင်းမှာ ပွဲဦးထွက် ဒဲလ်တာယူနိုက်တက်နှင့် ပွဲသာ သရေကျခဲ့ပြီးနောက် လေးပွဲဆက်တိုက် အနိုင်ရခဲ့သောကြောင့် ခြေစွမ်းပိုင်း အတည်ငြိမ်ဆုံးအသင်း ဖြစ်နေသည်။ ရတနာပုံအသင်းမှာလည်း နိုင်ငံခြားသား ကစားသမားများနှင့် ပြည်တွင်း ကစားသမားများ နားလည်မှုရှိစွာ အတွဲညီညီ ခြေစွမ်းပြနေသည့် အသင်းဖြစ်ပြီး ရန်ကုန်အား နှစ်ဂိုးစီ သရေကျခဲ့သည့် ပွဲတွင်သာ ပြိုင်ဘက်အနေအထားအရ အကောင်းဆုံး ခြေစွမ်း မရခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် ပွဲများတွင်မူ ရတနာပုံအသင်း၏ ကစားအားနှင့် ခြေစွမ်းမှာ ပရိသတ်များသာမက ပြိုင်ဘက် အသင်းများကပါ ချီးကျူးအားကျခဲ့သည်အထိ ခြေစွာခဲ့သည့် အသင်းဖြစ်လာသည်။ လက်ရှိသွင်းဂိုးအရ မကွေးအသင်းမှာ ဂိုးသွင်းစွမ်းရည် အနည်းငယ်သာသော်လည်း နှစ်ဂိုးစီသာ အသွင်းခံထားရခြင်းကိုကြည့်ပါက ခံစစ်ကောင်းမွန်မှုချင်းမှာ အတူတူပင်။ ထို့ကြောင့် လက်ရှိ ခြေစွမ်းပိုင်းအရ ကွာခြားမှုသိပ်မရှိသည့်အတွက် ယခုပွဲမှာ အကြိတ်အနယ် ရှိနိုင်သကဲ့သို့ နှစ်ဖက်အသင်းအတွက် ခက်ခဲသော ပွဲစဉ်လည်းဖြစ်သည်။

စိတ်ဓာတ်နှင့်ကစားအား

နှစ်သင်းစလုံးမှာ ရန်ကုန်အသင်းပြီးလျှင် ပရိသတ်အားပေးမှု အများဆုံးခံရသည့် အသင်းများဖြစ်သည့်အပြင် ရှုံးပွဲလည်းမရှိသေးခြင်းကြောင့် စိတ်ဓာတ်ပိုင်း မြင့်မားလျက်ရှိသည်။ မကွေးအသင်းမှာ ဇော်ထက်အောင်၊ လွင်ဦး၊ စည်သူဝင်းတို့အုပ်စု ဦးဆောင် ခြေစွမ်းပြနေနိုင်ပြီး အထူးသဖြင့် အဓိကတိုက်စစ်မှူးစည်သူဝင်းမှာ ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆု နှစ်ကြိမ်ရရှိထားပြီး လက်ရှိ ဂိုးအများဆုံး သွင်းထားသူဖြစ်သည်။ ထို့ကြောင့် အသင်းလိုက်ကစားပုံ ရစ်သမ်ပိုင်းတွင် မကွေးအသင်းက နှာတစ်ဖျားလောက် သာသယောင်ရှိသည်။ သို့သော်လည်း တစ်ဦးချင်းကစားအားဖြင့် ကြိုးစားမှုတွင်မူ ရတနာပုံအသင်းက မကွေးထက် မနိမ့်ပေ။

ခြေစွမ်းပြ

အထူးသဖြင့် ရတနာပုံအသင်းမှ ခေါ်ယူထားခဲ့သည့် အိုင်ဗရီကို့စ် ကစားသမားအားလုံးမှာ စိတ်ဓာတ်နှင့် ကစားအားအလွန်ကောင်းသကဲ့သို့ အသင်းကိုလည်းမွှံပိုးနိုင်အောင် ပွဲတိုင်းခြေစွမ်းပြနေနိုင်သောကြောင့် မကွေးအသင်း ပေါ့ဆ၍ မဖြစ်နိုင်ပါချေ။ သို့သော်တည်ဘောများကို အကောင်းဆုံး အသုံးချနိုင်ပြီး ပွဲအနေအထားပေါ်ကြည့်ကာ System Play မျိုး ကစားပြနိုင်သည့် မကွေးအသင်းကိုလည်း ရတနာပုံအသင်း အလွယ်တကူအသာစီးရနိုင်ဖွယ် မမြင်ပေ။

ပွဲကြီးပွဲကောင်း

လက်ရှိ မကွေးအသင်းတွင် ဇော်ထက်အောင်၊ လွင်ဦး၊ စည်သူဝင်း၊ အောင်မြင့်အေး၊ ပြည့်ဖြိုးဦးတို့အုပ်စု အကောင်းဆုံးခြေစွမ်းရနေသလို ရတနာပုံအသင်းအတွက်လည်း ခင်မောင်ထွန်း၊ အောင်ကျော်မိုး၊ ရန်ပိုင်တို့နှင့် နိုင်ငံခြားသား ကစားသမားအားလုံး ပုံမှန်ခြေစွမ်းရနေသောကြောင့် အကြိတ်အနယ်ရှိနိုင်သကဲ့သို့ နိုင်သည့်အသင်း ဗိုလ်လုပွဲတက်နိုင်ခွင့် နီးစပ်သွားနိုင်၍ ပရိသတ်အကြိုက်တွေ့မည့် ပွဲကြီးပွဲကောင်း ဖြစ်လာမည်မှာ သေချာသည်။

ပရိသတ်

နှစ်ဖက် ပရိသတ်များကလည်း ၎င်းတို့ အသင်းများကို အကောင်းဆုံး အားပေးတတ်သည့်အတွက် နှစ်သင်းစလုံး အားကြိုးမာန်တက် ကစားပြီး ဗိုလ်လုပွဲတက်ခွင့်ရအောင် ခြေကုန် ပညာကုန်ထုတ်၍ အသေအလဲ ကစားသွားကြဖွယ်ရှိသည်။ လက်ရှိရမှတ် အနေအထားအရ မကွေးအသင်းမှာ အနည်းဆုံး သရေကျခဲ့လျှင်ပင် ဗိုလ်လုပွဲတက်ရန် အခွင့်အရေး ရှိနေနိုင်သေးသည့်အတွက် ရတနာပုံအသင်းလောက် ဖိစီးမှုခံရမည်မဟုတ်ပါချေ။ သို့သော် နိုင်မှဖြစ်မည့် ရတနာပုံအသင်း၏ ကြိုးစားမှု ကစားအားကိုမူ မကွေးအသင်းသတိထား ရင်ဆိုင်နိုင်မှသာ အလားအလာကောင်းနိုင်မည် ဖြစ်သည်။ မည်သို့ဆိုစေ ယခုပွဲမှာ နိုင်ခြေမျှနေပြီး ဘောလုံးပရိသတ် အကြိုက်တွေ့မည့် ပွဲကြီးပွဲကောင်း ဖြစ်လာနိုင်သည်မှာ သေချာနေပါကြောင်း။ ။

(မြန်မာ့အလင်း)

မကွေးတိုင်းကိုယ်စားပြု မကွေး F.C။ (မြန်မာ့အလင်း)

မန္တလေးတိုင်းကိုယ်စားပြု ရတနာပုံ F.C။ (မြန်မာ့အလင်း)

၂၃-၆-၂၀၀၉ ရက် ပွဲစဉ်အပြီး အမှတ်ပေးဇယားရပ်တည်မှု

	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ဂိုးကွာ	ရမှတ်
၁	မကွေး	၅	၄	၁	-	၈	၂	၆	၁၃
၂	ရန်ကုန်ယူနိုက်တက်	၆	၄	၁	၁	၁၁	၆	၅	၁၃
၃	ရတနာပုံ	၅	၃	၂	-	၆	၂	၄	၁၁
၄	ကမ္ဘောဇ	၄	၂	-	၂	၅	၃	၂	၆
၅	ဧရာဝတီဧယျာရွှေမြေ	၅	၁	၂	၂	၄	၆	-၂	၅
၆	ဥသာယူနိုက်တက်	၆	၁	၂	၃	၄	၈	-၄	၅
၇	ဆောက်သမ်းမြန်မာ	၆	၁	၁	၄	၃	၇	-၄	၄
၈	ဒဲလ်တာယူနိုက်တက်	၅	-	၁	၄	၂	၉	-၇	၁

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ်(၈-၅)၊ ကြို့ကုန်း သစ်တောဝင်းနေ
(မန်းကြွယ်သိန်း၊ မြန်မာ့မီးရထား၊ ငြိမ်း)-ဒေါ်ခင်အုံးမြင့်တို့၏သားကြီး

မောင်ရဲခေါင် B.Sc (Chemistry)

(သစ်တောဦးစီးဌာန၊ အင်းစိန်မြို့နယ်)

နှင့်

ထီးချိုင့်မြို့၊ အမှတ်(၂)ရပ်ကွက်နေ
ဦးသိန်းဝင်း-ဒေါ်ခင်မေမြင့် (မျိုးဆက်သစ် Trading)တို့၏ တစ်ဦးတည်းသောသမီး

မဟေမာန်စိုး B.A (Eco)

တို့သည် ရန်ကုန်တိုင်းတရားရုံး၊ ဦးစီးအရာရှိ ဒေါ်ချိုချိုဝင်း၏ ရှေ့မှောက်တွင်၂၄-၆-၂၀၀၉ရက်၌ နှစ်ဦးသဘောတူ အသိသက်သေများရှေ့တွင် လက်မှတ်ရေးထိုး၍ လက်ထပ်ပြီးစီးပါကြောင်း။

မောင်ရဲခေါင်-မဟေမာန်စိုး။

ဒီဇိုင်းပြိုင်ပွဲဖိတ်ခေါ်ခြင်း

၂၀၀၉ခုနှစ် အောက်တိုဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးပြည်နယ်၊ နန်နင်းမြို့၌ကျင်းပမည့် ဆဋ္ဌမအကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် ၂၀၁၀ပြည့်နှစ် မေလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ကျင်းပမည့် ရှန်ဟိုင်း ၂၀၁၀ ကုန်စည်ပြပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြု ပြခန်းများ ခင်းကျင်းပါဝင်ပြသမည်ဖြစ်ရာ ၎င်းပြခန်းများအတွက် အဆိုပြု ဒီဇိုင်းပုံစံများကို ကွန်ပျူတာ ဂရပ်ဖစ် ဒီဇိုင်းဖြင့်ရေးဆွဲလျက် မည်သူမဆိုတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ဒီဇိုင်းပြိုင်ပွဲ၏ စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်ရုံးတွင်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင်လည်းကောင်း၊ www. commerce. gov.mm နှင့် www. myanmar tradenet. com.mm တွင်လည်းကောင်း တောင်းခံရရှိနိုင်ပြီး ၁၅-၇-၂၀၀၉ရက်နောက်ဆုံးထားလျက် သတ်မှတ်ချက်နှင့်အညီ ပေးပို့ပါဝင်ယှဉ်ပြိုင်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ ရွေးချယ်ခံရသော ဒီဇိုင်းပုံစံရေးဆွဲသူသည် အဆိုပါကုန်စည်ပြပွဲများသို့ အထူးဧည့်သည်တော်အဖြစ် စရိတ်ငြိမ်းလိုက်ပါခွင့်ရရှိမည်ဖြစ်ပါသည်။

ပြပွဲဒီဇိုင်းရွေးချယ်ရေးဆပ်ကော်မတီ။

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်း ယင်းမာပင်မြို့ အထက တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်ဝင်းသူနိုင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းရီ ဖြစ်ပါကြောင်း။

ဦးထွန်းရီ။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်
နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပမည့်ရက် ရွှေ့ဆိုင်းခြင်း

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ သင်းဖွဲ့စည်းမျဉ်း ပြင်ဆင်နိုင်ရေးအတွက် အထူးအစည်းအဝေးပါ တစ်ပေါင်းတည်း ကျင်းပနိုင်ရန် ၂၇-၆-၂၀၀၉ရက်တွင် ကျင်းပပြုလုပ်မည့် (၁၇)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပမည့်ရက်ကို ရွှေ့ဆိုင်းပါကြောင်းနှင့် ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာနိုင်ငံသားများဘဏ်လီမိတက်။



အလိုရှိသည်

အိမ်စီးကားမောင်းရန် အသက် ၄၅-၅၅ အရွယ် ယာဉ်မောင်း တစ်ဦး အလိုရှိသည်။
ဆက်သွယ်ရန်-
ဖုန်း-၀၁-၅၄၁၂၆၇။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်ညီသန်း ၁၂/စခန(နိုင်)၀၆၇၃၀၄၏ CDC မနလ လျှောက်ထားဆဲ လက်မှတ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါရန်။ **ဖုန်း-၅၀၀၄၄၂။**



PRE - SEA TRAINING
A/B - O/S - 3/O - 2/O
များအတွက် သင်ကြားပေးပါသည်။
ဖုန်း-၅၈၁၄၃၀ သို့ ဆက်သွယ်ပါ။

ချမ်းသာဖို့အတွက် ကျန်းမာရေးသည်အဓိက

ရော္ဝတီ မြေပဲဆီ အာမခံ ပဲဆီစစ်၊ ပဲဆီသန့်

ဇွန် ၂၆ ရက်မှ ၂၈ရက်အထိ တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပသော First Myanmar Food Exhibition 2009 ကို ကြိုဆိုသောအားဖြင့် ရော္ဝတီမြေပဲဆီအရောင်းပြခန်းတွင် ၁၀ပိဿာတစ်ပုံး ဝယ်ယူအားပေးသူတိုင်း **ထီးတစ်ချောင်းလက်ဆောင်** ပေးပါမည်။

စားသုံးသူ မိဘပြည်သူများအတွက် အကောင်းဆုံးဖြစ်စေရန် ပစ္စည်းမှန်၊ အလေးမှန်၊ ဈေးနှုန်းမှန်ဖြင့် ယနေ့ ရော္ဝတီသည် မနေ့က ရော္ဝတီထက်သာအောင် အစဉ်ကြိုးစားနေပါသည်။

ငါးပိဿာနှင့်အထက်ဝယ်ယူသူတိုင်း အိမ်အရောက်ပို့ဆောင်ပေးပါသည်။

ရော္ဝတီမြေပဲဆီ ဆီသားလက်လီ တစ်ပိဿာ ကျပ် ၃၀၀၀

ဖုန်း-၂၂၀၉၄၅၊ ၂၂၈၀၇၆၊ ၆၁၃၁၈၉၊ ၆၁၃၁၇၈၊ ၆၈၀၄၃၆။

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ဇွန်၁၀ရက်က တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ခရိုင်ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ တည်ထောင်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လိုက်လံရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမိုလ် မေ၂၁ရက်က တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး မြို့ပြနှင့်ကျေးလက်လမ်းများ အဆင့်မြင့်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ရွှေအိုး(၂)ရပ်ကွက်၊ရုပ်ရှင်ရုံဟောင်းလမ်းကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို သွားရောက်စစ်ဆေးခဲ့ရာ အမှုဆောင်အရာရှိ ဦးမောင်ဝင်းနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကြီးတို့က ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

ကွန်ပျူတာပညာရှင်အသင်း ဟောပြောဆွေးနွေးမည်

ရန်ကုန် ဇွန် ၂၄

သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ ဝက်ဘ်ဆိုက်တစ်ခုအားမည်ကဲ့သို့ အောင်မြင်စေရန် ပြုလုပ်သင့်ကြောင်းကို ရည်ရွယ်ပြီး ဇွန်၂၇ရက် (စနေနေ့) မွန်းလွဲ ၁နာရီမှ ညနေ၃နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် ပင်မဆောင်ရှိ အခန်း(၂၀၅)၌ ဦးဝေဖြိုးထွတ် (Web Development Director, Creative Web Studio) က"How to Develop Successful Website" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်သည်။

ယင်းဟောပြောဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ Web Developer ပြုလုပ်နေသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ကြပြီး အသေးစိတ်သိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်၄ အခန်း၄ ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်နှလုံးသားဝတ္ထုတိုပေါင်းချုပ်စာအုပ်ထွက်ရှိ

ရန်ကုန် ဇွန် ၂၄

ကိုချိုစံ ရေးသားသော စစ်နှင့်အချစ်ကိုသရုပ်ဖော်ထားသည့် တပ်မတော်နေ့ အထိမ်းအမှတ် ဆုရဝတ္ထုတိုများနှင့် မဂ္ဂဇင်းများတွင် ဖော်ပြပါရှိပြီး ဝတ္ထုတိုများ ပါဝင်သော စစ်နှလုံးသား ဝတ္ထုတိုပေါင်းချုပ် စာအုပ်ကို တနင်္သာရီစာပေမှ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

ပါဝင်

အဆိုပါ စာအုပ်တွင် ပီတိပန်းတစ်ပွင့်၊ ဒုတိယတန်းမှာ နေချင်ပြီ၊ စစ်သူရဲမို့ ချစ်ရဲသည်၊ ချစ်ခဲ့ဖူးတဲ့ အချိန်ကလေးတစ်ချိန်၊ အသည်းအသစ်နှင့် ချစ်မည့်သူ၊သွေး တစ်စက်ရဲ့တန်ဖိုး၊ စစ်သားကောင်းမည်သည်၊ ငြိမ်းချမ်းရေးပန်းတို့ပွင့်သောအခါ၊ စိတ်ကူးထဲက ရွာကလေး၊ မေတ္တာဒဏ်ရဲရေးရောက်၍၊ ခုဒုံအလွမ်းနှင့်ချစ်ရေးခက် ဝတ္ထုတိုများ ပါဝင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ကမ္ဘာ့ကျော်တူးမြောင်းကြီးများ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ကမ္ဘာတစ်ဝန်းတွင် ပင်လယ်ရေကြောင်းသွားလာရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးများအတွက် အရေးပါဆုံး ကမ္ဘာကျော်တူးမြောင်းများကို စုစည်း ဖော်ပြလိုက်ရပါသည်-

စူးအက်တူးမြောင်း

စူးအက်တူးမြောင်းသည် အီဂျစ်နိုင်ငံ၌ တည်ရှိသည်။ ပင်လယ်နီနှင့် မြေထဲပင်လယ်တို့ကို ဆက်သွယ် ဖောက်လုပ်ထားသော တူးမြောင်းဖြစ်သည်။ ၁၈၅၈ခုနှစ် ဒီဇင်ဘာလက စတင်တည်ဆောက်ခဲ့ပြီး ၁၈၆၉ခုနှစ် နိုဝင်ဘာလ၌ ပြီးစီးခဲ့သည်။ (ဝဲပုံ)

တူးမြောင်းအရှည်

တူးမြောင်းအရှည်မှာ ၁၉၂ကီလိုမီတာရှိပြီး ရေအနက်မှာ ၆၆ ပေ ရှိပြီး တစ်နှစ်လျှင် တူးမြောင်းမှ ဖြတ်သန်းသွားလာသော သင်္ဘောစင်းရေ ပျမ်းမျှ ၂၀၀၀၀နီးပါးခန့်ရှိသည်။ စူးအက်တူးမြောင်းအတွင်း သင်္ဘောဖြတ်သန်းခမှရရှိသော ငွေမှာ တစ်နှစ် ပျမ်းမျှအမေရိကန် ဒေါ်လာ ၃ ဘီလီယံကျော်ကြောင်းသိရသည်။ (အင်တာနက်)

ပနားမားတူးမြောင်း

ပနားမားတူးမြောင်းသည် ပနားမားနိုင်ငံတွင် တည်ရှိပြီး ကမ္ဘာ့ရေကြောင်းသွားလာရေး၌ အရေးပါသော တူးမြောင်းတစ်ခုဖြစ်သည်။ ပစိဖိတ်သမုဒ္ဒရာနှင့် ကာရစ်ဘီယံပင်လယ်ကို ဆက်သွယ် ဖောက်လုပ်ထားခြင်းဖြစ်သည်။ **(ယာပုံ)**

တူးမြောင်းအရှည်

ပနားမား တူးမြောင်း အရှည်မှာ ၄၈ မိုင်ရှိပြီး ၁၈၈၀ ပြည့်နှစ်က စတင်တည်ဆောက်ထားခဲ့သော တူးမြောင်း ဖြစ်သည်။ ပြန်လည် ပြုပြင်ဖောက်လုပ်မှုများ ပြုလုပ်ခဲ့ရာ ၁၉၀၀ ပြည့်နှစ်၌ ပြီးစီးခဲ့သည်။ ထို့နောက် ဆက်လက် တိုးချဲ့ဖောက်လုပ်မှုများ ပြုလုပ်ခဲ့ရာ ၁၉၁၄ ခုနှစ်၌ အပြီးသတ် ဖွင့်လှစ်နိုင်ခဲ့သည်။ ၂၀၀၈ခုနှစ်က ပနားမားတူးမြောင်းမှ ဖြတ်သန်းသော သင်္ဘောစင်းရေပေါင်းမှာ ၁၄၇၀၂ စင်းဖြစ်ပြီး ကောက်ခံရရှိငွေမှာ အမေရိကန်ဒေါ်လာ ၃၀၉ ဒသမ ၆သန်းရှိသည်။

(အင်တာနက်)

တရုတ်မှ ဂရင်းတူးမြောင်း

ဂရင်းတူးမြောင်းသည် တရုတ်နိုင်ငံ၌ တည်ရှိပြီးကမ္ဘာပေါ်တွင်အရှည်ဆုံးတူးမြောင်းဖြစ်သည်။ မြို့တော်ပေကျင်းနှင့် ဟန်ကျို့မြို့ကို ဆက်သွယ်ထားသည့် တူးမြောင်းဖြစ်သည်။ **(အပေါ်ပုံ)**

စတင်ဖောက်လုပ်

ဂရင်းတူးမြောင်းကို ဘီစီ ၄၈၆ တရုတ်ဝူမင်းဆက် လက်ထက်ကတည်းက ဖောက်လုပ်ခဲ့သောတူးမြောင်းအဖြစ် ပြန်လည်ပြုပြင်မှုများ လုပ်ဆောင်ထားသည်။ တူးမြောင်းအရှည်မှာ ၁၇၉၄ ကီလိုမီတာရှိပြီး ရေကြောင်းသွားလာရေးနှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးတို့အတွက် အဓိက အသုံးပြုလျက်ရှိသည်။

(အင်တာနက်)

ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ

နိုင်လွန်ကိုဘယ်သူတီထွင်ခဲ့သလဲ

မျက်မှောက်ခေတ် အင်္ကျီများ၊ ခြင်ထောင်များ၊ ကြိုးများနှင့် လူသုံးကုန်အချို့တွင် ထည့်သွင်းသုံးစွဲလေ့ရှိသော နိုင်လွန်ကို ဝေါလေ့စ်ကာရိုသာ **(ယာပုံ)** ဆိုသူ အမေရိကန်အမျိုးသားက တီထွင်ခဲ့သည်။ ဝေါလေ့စ်ကာရိုသာကို အမေရိကန်နိုင်ငံ အိုင်အိုဝါပြည်နယ် ဘာလင်တန်မြို့၌ ၁၈၉၆ ခုနှစ် ဧပြီ၂၇ရက်တွင် မွေးဖွားခဲ့သည်။ ၄င်း၏ ဖခင်မှာ အီရာ ဖြစ်ပြီး မိခင်မှာ မေရီအီဗာလီနာ ဖြစ်သည်။ မွေးချင်းလေးယောက်အနက် အငယ်ဆုံးသား ဖြစ်သည်။ ၄င်းတွင် ဂျွန်အမည်ရှိ အစ်ကိုနှင့် အီဆိုဘယ်လ်နှင့် မေရီအမည်ရှိ အစ်မနှစ်ဦးရှိသည်။

လုပ်ကိုင်ခဲ့

ဝေါလေ့စ်သည် ငယ်ရွယ်စဉ်ဘဝကပင် ကိရိယာတန်ဆာပလာနှင့် စက်ကိရိယာပစ္စည်းများကို စိတ်ဝင်စားပြီး ယင်းပစ္စည်းများကို စမ်းသပ်ခြင်းဖြင့် နာရီပေါင်းများစွာ အချိန်ကုန်လွန်စေခဲ့သည်။ ၄င်းသည် အိုင်အိုဝါပြည်နယ် ဒက်စ်မွိုင်နက်စ်မြို့ရှိ ကျောင်းတစ်ကျောင်းတွင် တက်ရောက်ပညာသင်ယူခဲ့ပြီး ယင်းကျောင်းတွင် တာဝန်ကျေပွန်သော ကျောင်းသားတစ်ဦးအဖြစ် လူသိများလာသည်။ ဖခင်၏ ဖိအားပေးမှုကြောင့် ဒက်စ်မွိုင်နက်စ်မြို့ရှိ စီးပွားရေးကောလိပ်တွင် တက်ရောက်ကာ ဘွဲ့ရရှိခဲ့သည်။ ၄င်း၏ဖခင် အီရာသည် ၁၉၁၅ခုနှစ် ဇူလိုင်လတွင် ဒက်စ်မွိုင်နက်စ်မြို့တွင် စာရင်းကိုင်နှင့် အတွင်းရေးမှူးလုပ်ငန်းဆိုင်ရာအဖွဲ့တွင် ဒုတိယဉက္ကဋ္ဌအဖြစ် လုပ်ကိုင်ခဲ့သည်။

မဟာသိပ္ပံဘွဲ့ရရှိ

၁၉၁၅ခုနှစ် စက်တင်ဘာ ၁၅ရက်တွင် ဝေါလေ့စ်သည် မစ်ဆောရီပြည်နယ် တာကီယိုကောလိပ်တွင် ဆက်လက်တက်ရောက် ပညာသင်ယူခဲ့သည်။ ဝေါလေ့စ်သည် ဓာတုဗေဒပညာတွင် ထူးချွန်ထက်မြက်လွန်းသောကြောင့် ဘွဲ့မရမီ ပြန်လည်နည်းပြနိုင်သည်အထိပင် ရောက်ရှိခဲ့သည်။ ဝေါလေ့စ်သည် အသက်၂၄နှစ်အရွယ် ၁၉၂၀ပြည့်နှစ်တွင် တာကီယိုကောလိပ်မှ သိပ္ပံဘွဲ့ရရှိခဲ့သည်။ ထို့နောက် ဝေါလေ့စ်သည် မဟာသိပ္ပံဘွဲ့အတွက် အီလီနွိုက်တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ကာ ၁၉၂၁ခုနှစ်တွင် မဟာသိပ္ပံဘွဲ့ ရရှိခဲ့သည်။

ဂုဏ်သတင်းအကြီးမားဆုံး

၁၉၂၁-၁၉၂၂ ပညာသင်နှစ်တွင် ဝေါလေ့စ်သည် တောင်ဒါကိုတာ တက္ကသိုလ်တွင် ဓာတုဗေဒနည်းပြအဖြစ် တစ်နှစ်တာ ခန့်အပ်ခံရသည်။ တောင်ဒါကိုတာ တက္ကသိုလ်သည် ဝေါလေ့စ်အနေဖြင့် မဟာသိပ္ပံဘွဲ့အတွက် အမေရိကန် ဓာတုဗေဒဆိုင်ရာ အဖွဲ့အစည်းအကြောင်း သုတေသန စတင်ပြုခဲ့ရာ တက္ကသိုလ်ဖြစ်သည်။ ထို့နောက် ဝေါလေ့စ်သည် ပီအိပ်ချ်ဒီဘွဲ့ ရယူရေးအတွက် လေ့လာသင်ယူရန် အီလီနွိုက်တက္ကသိုလ်မှ ပါမောက္ခရော်ဂျာအဒမ်စ်ထံသို့ ပြန်လည်သွားရောက်ခဲ့သည်။ ၄င်းသည် ၁၉၂၄ခုနှစ်တွင် ပီအိပ်ချ်ဒီဘွဲ့ ရရှိခဲ့သည်။ ၄င်းသည် အင်အော်ဂဲနစ်ဓာတုဗေဒကို အထူးပြုဘာသာရပ်အဖြစ် ယူကာ ရူပ၊ ဓာတုဗေဒနှင့် သင်္ချာတို့ကို အပိုဘာသာအဖြစ် သင်ယူခဲ့သည်။ ဝေါလေ့စ်သည် ၁၉၂၂-၁၉၂၃ခုနှစ်တွင် သုတေသနလက်ထောက်အဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၂၃-၁၉၂၄ခုနှစ်တွင် တက္ကသိုလ်အဖွဲ့ဝင်လူကြီးအဖြစ် ဆုချီးမြှင့်ခံရသည်။ ယင်းကဲ့သို့ ချီးမြှင့်သည့် ဆုသည် ထိုခေတ် ထိုအခါက ဂုဏ်သတင်းအကြီးမားဆုံးဆုပင် ဖြစ်သည်။

ရရှိခဲ့

ဝေါလေ့စ်သည် ဒေါက်တာဘွဲ့ရရှိ ပြီးနောက် အီလီနွိုက်တက္ကသိုလ်တွင် အင်အော်ဂဲနစ်ဓာတုဗေဒနည်းပြဆရာအဖြစ် နှစ်နှစ်ကြာ လုပ်ကိုင်ခဲ့သည်။ ၄င်းသည် ၁၉၂၆ခုနှစ်တွင် ဟားဗတ်တက္ကသိုလ်သို့ ပြောင်းရွှေ့အမှုထမ်းခဲ့ပြီး အင်အော်ဂဲနစ်ဓာတုဗေဒနည်းပြအဖြစ် ဆက်လက်လုပ်ကိုင်ခဲ့သည်။ ၁၉၂၇ခုနှစ်တွင် ဒူပွန့်ကုမ္ပဏီသည် အခြေခံကျသော သုတေသနလုပ်ငန်းစစ်စစ်ကိုသာ လုပ်ဆောင်ရေးအတွက် ရန်ပုံငွေထူထောင်ရန် ဆုံးဖြတ်ခဲ့သည်။ ယင်းသို့ ရန်ပုံငွေထူထောင်ပြီး အသစ်တည်ထောင်မည့် ဓာတ်ခွဲခန်းတွင် အင်အော်ဂဲနစ်ဓာတုဗေဒ ဘာသာရပ်၌ တာဝန်ယူ သုတေသနပြုနိုင်ရေး ဆွေးနွေးရန်အတွက် ဝေါလေ့စ်သည် ဝါရှင်တန်၊ ဒဲလ်ဝယ်ယာမြို့များသို့ သွားရောက်ခဲ့သည်။ ဝေါလေ့စ်သည် ပထမတွင် ၄င်း၏ကျန်းမာရေးကြောင့် ဒူပွန့်ကုမ္ပဏီ၏ ဓာတ်ခွဲခန်းတွင် အလုပ်လုပ်ရန်ငြင်းဆိုခဲ့သည်။ သို့သော်လည်း ဒူပွန့်ကုမ္ပဏီ အမှုဆောင် ဟာမီလ်တန်ဘရက်ရှောက ဟားဗတ်မြို့သို့ လာရောက်ကာ ဝေါလေ့စ်အား ဆွေးနွေးတိုက်တွန်းမှုကြောင့် ယင်းအလုပ်ကို လက်ခံခဲ့သည်။ ဝေါလေ့စ်သည် ဟားဗတ်တက္ကသိုလ်တွင် တစ်လလျှင် လစာ ဒေါ်လာ၂၆၇ဒေါ်လာနှုန်းဖြင့် တစ်နှစ်လျှင် ဒေါ်လာ၃၂၀၀ရရှိချိန်၌ ယင်းကုမ္ပဏီ၌ အလုပ်ဝင်စလမှာပင် တစ်လ ဒေါ်လာ ၅၀၀ ရရှိခဲ့သည်။

တွေ့ကြုံလာခဲ့ရ

ဝေါလေ့စ်သည် ၁၉၂၈ခုနှစ် ဖေဖော်ဝါရီ ၆ရက်တွင် ဒူပွန့်ဓာတ်ခွဲခန်း၌ အလုပ်စဝင်ခဲ့သည်။ ယခင်က ဒေါက်တာ အီမီလ်ဖစ်ရှာ ရှာဖွေတွေ့ရှိထားသော မော်လီကျူးအလေးဆ ၄၂၀၀ကျော်ပါဝင်သည့် ပေါ်လီမာဒြပ်ပေါင်းများအား ပေါင်းစပ်ရေးသည် ဝေါလေ့စ်၏ ပထမရည်မှန်းချက်ဖြစ်သည်။ ၁၉၂၈ခုနှစ် နွေရာသီတွင်မူ ဝေါလေ့စ်သည် ၄င်း၏ စမ်းသပ်မှုနှင့်ပတ်သက်ပြီး ဓာတုဗေဒဆိုင်ရာ ဒေါက်တာဘွဲ့ရများနှင့် အကြံပေးနှစ်ဦးဖြစ်သည့် ၄င်း၏ ကျမ်းပြုအကြံပေး ဒေါက်တာအဒမ်စ်နှင့် အီလီနွိုက်တက္ကသိုလ်တွင် အင်အော်ဂဲနစ်ဓာတုဗေဒနည်းပြဖြစ်သည့် ဒေါက်တာကားလ်မာဗယ်တို့အား ဂုဏ်ယူပြောကြားနိုင်ခဲ့သည်။

ကျောခိုင်း

ထို့နောက်တွင်မူ ဝေါလေ့စ်၏ မဆုတ်မနစ်ကြိုးပမ်းမှုကြောင့် မော်လီကျူးအလေးဆ ၁၂၀၀၀ကျော်သည့် ပိုလီမာကို ထုတ်လုပ်နိုင်ခဲ့သည်။ ၁၉၃၁ခုနှစ်တွင် ဝေါလေ့စ်သည် ဒူပွန့်ဓာတ်ခွဲခန်းတွင် တွဲဖက်လုပ်ကိုင်ခဲ့ဖူးသော သိပ္ပံပညာရှင်သုံးဦးနှင့်အတူ ဝီလ်မင်တန်မြို့ အိမ်တစ်အိမ်သို့ ပြောင်းရွှေ့ကာ ဝစ်စကီအက်ကရက်စ် အမည်ရှိ ဓာတ်ခွဲခန်းကို တည်ထောင်ခဲ့သည်။ ၄င်းသည် ပိုလီမာဒြပ်ပေါင်းမှတစ်ဆင့် အမျှင်ပါသည့် ဒြပ်ပေါင်းကို ထုတ်လုပ်နိုင်ခဲ့သည်။ ၁၉၃၄ခုနှစ် နွေရာသီတွင်မူ ဝေါလေ့စ်သည် အင်္ကျီများ၊ ကြိုးများ နှင့် အချို့ လူသုံးကုန်ပစ္စည်းများ၌ အသုံးပြုလေ့ရှိသည့် နိုင်လွန်ကို အောင်မြင်စွာ တီထွင်ထုတ်လုပ်နိုင်ခဲ့သည်။ ၁၉၃၆ခုနှစ် ဖေဖော်ဝါရီ ၂၁ရက်တွင် ဝေါလေ့စ်သည် ဟယ်လင်ဆွိမင်အမည်ရှိ အမျိုးသမီးနှင့် လက်ထပ်ခဲ့သည်။ ၁၉၃၇ခုနှစ် ဇန်နဝါရီ ၈ရက်တွင် ဝေါလေ့စ်၏အစ်မ အီဆိုဘယ်လ် အဆုတ်ရောဂါဖြင့် ဆုံးပါးခဲ့သည်။ ယင်းနှစ် ဧပြီ ၂၉ရက်တွင်မူ ဝေါလေ့စ်သည် ဖီလာဒဲလ်ဖီးယားမြို့ ဟိုတယ်ခန်းတစ်ခန်း၌ ကွယ်လွန်ခဲ့ပြီး သိပ္ပံလောကကြီးကို ကျောခိုင်းသွားခဲ့ပါကြောင်း။ ။

ကိုးကား-အင်တာနက် **ချစ်စိုးနိုင် ရေးသားသည်**

ဝေါလေ့စ်သည် ငယ်ရွယ်စဉ်ဘဝကပင် ကိရိယာ တန်ဆာပလာနှင့် စက်ကိရိယာ ပစ္စည်းများကို စိတ်ဝင်စားပြီး ယင်းပစ္စည်းများကို စမ်းသပ်ခြင်းဖြင့် နာရီပေါင်းများစွာ အချိန်ကုန်လွန်စေခဲ့။

ကလေးငယ်နှင့် ကျန်းမာရေး

ညအိပ်ခါနီးအချိန် ကလေးငယ်များအား ပုံမှန်သွားတိုက်ပေးပါလျှင်

အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများ ကာကွယ်နိုင်ဟုဆို

အသက်ငါးနှစ်အောက် ကလေးငယ်များအား နံနက်အိပ်ရာထချိန် သွားတိုက်ခြင်းအပြင် ညအိပ်ခါနီးအချိန် သွားတိုက်ပေးခြင်းအလေ့အကျင့်ကို ပြုလုပ်ပေးပါက သွားပိုးစားခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း ဗြိတိသျှဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

သွားရောဂါ

ကလေးငယ်များအား ညအိပ်ခါနီးအချိန် သွားနှင့် ခံတွင်းကို သန့်ရှင်းပေးခြင်းသည် အသက်အရွယ်ရလာသည့်အခါ ခံတွင်းကင်ဆာနှင့် အခြားရောဂါများ မဖြစ်ပွားစေနိုင်ကြောင်း၊ ခံတွင်းအတွင်း၌ ဖြစ်ပွားတတ်သော ဗက်တီးရီးယားများကြောင့် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများ ကာကွယ်ပေးနိုင်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အလေ့အကျင့်

ညအိပ်ခါနီးအချိန် သွားတိုက်ပေးခြင်းသည် ကလေးငယ်များ၌ ဖြစ်ပွားတတ်သောရောဂါ ၆၀ ရာခိုင်နှုန်းကို ကြိုတင်ကာကွယ်ပေးခြင်းဖြစ်ကြောင်း၊ သွားနှင့် ခံတွင်းမသန့်ရှင်းမှုကြောင့် ကျန်းမာရေး ချို့ယွင်းသော ငါးနှစ်အောက်ကလေးငယ်ဦးရေ ၁၀၀၀ ကို သုံးနှစ်ကြာသုတေသနပြုခဲ့ရာ အစာအိမ်နှင့် အူလမ်းကြောင်းကင်ဆာဖြစ်ပွားသူ ဦးရေမှာ ၁၅ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ထို့ကြောင့် ညအိပ်ခါနီးအချိန် ကလေးငယ်များအား သွားနှင့် ခံတွင်း သန့်ရှင်းပေးသည့် အလေ့အကျင့် ပြုလုပ်ပေးသင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။ (အင်တာနက်)

လ၏မျက်နှာပြင်မှ ဖြာထွက်နေသော အလင်းရောင် ဟိုက်ဒရိုဂျင်အက်တမ်များ ပါဝင်လျက်ရှိ

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်

လ၏မျက်နှာပြင်မှ ထွက်ရှိနေသော အလင်းရောင်တွင် အလွန်လျင်မြန်သောနှုန်းဖြင့် ဖြာထွက်နေသည့် ဟိုက်ဒရိုဂျင်အက်တမ်များ ပါဝင်နေကြောင်း၊ ယင်းအက်တမ်များကို နာဆာမှ လွှတ်တင်ထားသော လလေ့လာရေးယာဉ်တစ်စင်းမှ မှတ်တမ်းတင်ရိုက်ယူနိုင်ခဲ့ကြောင်း နာဆာ သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

ရိုက်ခတ်

ယင်းအက်တမ်များသည် နေဂြိုဟ်မှထွက်လာသော ပရိုတွန်အက်တမ်များကဲ့သို့ ဖြစ်နေပြီး အလင်းစွမ်းအင်များကိုထုတ်ပေးနိုင်သည့် အက်တမ်များဖြစ်ကြောင်း နာဆာအာကာသပညာရှင်များက ပြောကြားသည်။

သို့သော်လည်း နာဆာအာကာသသုတေသနပညာရှင်အချို့ကမူ နေဂြိုဟ်မှ ပေါက်ကွဲထွက်လာသော စာမျက်နှာ ၆ ကော်လံ ၁ ✻

ရှမ်းပြည်နယ် (မြောက်ပိုင်း)နောင်ချိုမြို့ အထက်တန်းကျောင်း ကျောင်းဆောင်သစ်ကို ဤသို့ တွေ့ခဲ့ရသည်။ ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)

နောင်ချိုမြို့တွင် စိုက်ပျိုးအောင်မြင်နေသော ဆီမုန်လာပင် နမူနာများကို ဤသို့မြင်တွေ့ခဲ့ရသည်။ ဓာတ်ပုံမှတ်တမ်း- မျိုးမင်းသိန်း(မရမ်းကုန်း)

ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာသော နောင်ချိုမြို့၏ မြင်ကွင်းအဖုံဖုံ

➢ သတင်းခရီးသည် - မြင့်မောင်စိုး ➢ ဓာတ်ပုံမှတ်တမ်း - မျိုးမင်းသိန်း(မရမ်းကုန်း)
➢ စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၄

နောင်ချိုမြို့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် သီးနှံစုံဖြစ်ထွန်းအောင်မြင်သော ထင်ရှားသည့် မြို့တစ်မြို့ဖြစ်သည်။ နောင်ချိုမြို့သည် မြောက်ဘက်တွင် ကျောက်မဲ၊ တောင်ဘက်၌ ရပ်စောက်၊ အနောက်ဘက်မှာ ပြင်ဦးလွင်မြို့နယ်များနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၂၇၅၀ တွင် တည်ရှိပြီး အေးမြ သာယာသည့် မြို့တစ်မြို့လည်းဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှု

မြန်မာ့အလင်းသတင်းအဖွဲ့သည် မကြာမီက အဆိုပါနောင်ချိုမြို့သို့ ဒေသဖွံ့ဖြိုးရေးသတင်းဆောင်းပါးများ ရေးသားရန် သွားရောက်လေ့လာခဲ့သည်။ နောင်ချိုမြို့သို့ ရောက်သည်ဆိုလျှင်ပင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်အား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်မှုများနှင့်စပ်လျဉ်း၍ စေ့ငုမိသည်။

ဖြစ်ထွန်းအောင်မြင်

"နောင်ချိုမြို့နယ်မှာ စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး ထူးခြားတဲ့အောင်မြင်မှုတစ်ခုကတော့ ဆီမုန်လာစိုက်ပျိုး အောင်မြင်မှုပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ၃၃၇ ဧကစိုက်တယ်။ လာမယ့်ဒီနှစ်ဆောင်းရာသီမှာတော့ ဧက ၁၁၀၀ လောက်စိုက်မယ်။ တစ်ဧကစိုက်ရင် ၁၅ တင်း၊ တင်း ၂၀ ထွက်တယ်။ တစ်တင်းမှာ ဆီ ခြောက်ပိဿာ ထွက်နိုင်ပါတယ်။ ဆီမုန်လာနဲ့ပတ်သက်ပြီး လာမယ့်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နောင်ချိုက ရှမ်းပြည်နယ် (မြောက်ပိုင်း)တစ်ခုလုံးအတွက် မျိုးဖြန့်ဝေပေးဖို့ရှိပါတယ်။ နောင်ချိုမြို့နယ်မှာ ကော်ဖီ၊ ကြံ၊ စပါးနဲ့ အခြားဆောင်းသီးနှံများလည်း ဖြစ်ထွန်းအောင်မြင်ပါတယ်"ဟု ဦးအောင်ကျော်က မြန်မာ့အလင်းသို့ ဦးစွာရှင်းပြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ●